# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလဆန်း (၁) ရက် ၊ တနင်္ဂနွေနေ့ ၊ (19-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၉၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာ-ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ညစာစားပွဲ တက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး ဒေါက်တာနီကိုလိုင်းလစ်စတိုပါဒေါ့ဗ်တို့ မြန်မာ-ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ကိတ်ကို ခွဲပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မြန်မာ-ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ **Hilton**ဟိုတယ်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် သံတမန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို မြန်မာ-ရုရှားနှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကျင်းပ** *စာမျက်နှာ - ၁၆*




ရတနာပုံ
၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်
အယ်ဒီတာ့အာဘော်

# တန်ဖိုးရှိသောရေကို စနစ်တကျချွေတာသုံးစွဲပါ

မကြာမီ နွေကာလကိုဖြတ်သန်းကြရတော့မည်ဖြစ်သည်။ နွေကာလရောက်သည်နှင့်တစ်ပြိုင်နက် အချို့ဒေသများ၌ ကြုံတွေ့နေရသည့် အခက်အခဲတစ်ခုမှာ ရေပြတ်လပ်မှုပြဿနာ၊ တစ်နည်းအားဖြင့် သောက်သုံးရေရှားပါးမှုပြဿနာပင်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်၏ နေ့စဉ်လုံလောက်စွာ သောက်သုံးသည့် ရေပမာဏသည် ထိုသူ၏ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ်ထိန်းသိမ်းရာတွင် အဓိက အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ လူတို့သည် နေ့စဉ် ရေကို သုံးလီတာခန့်သောက်သုံးပေးပါက ကျန်းမာရေးကောင်းမွန်မည်ဟု ကျန်းမာရေးသုတေသီများက ဆိုထားသည်။

လူတစ်ဦးသည် ရေလုံလောက်စွာသောက်ထားပါက ဦးနှောက်၊ ခန္ဓာကိုယ်ဆဲလ်များ၊ အစာခြေစနစ်၊ နှလုံး၊ ကျောက်ကပ်နှင့် ကြွက်သားများ၏လုပ်ဆောင်ချက်များကို အထောက်အကူဖြစ်စေရုံသာမက အသားအရေခြောက်မှု၊ ပြင်ပရောဂါပိုးဝင်ရောက်မှုတို့ကိုပါ ကာကွယ်ပေးသည်။ ထို့ပြင် ရေလုံလောက်စွာသောက်ပေးခြင်းဖြင့် ပင်ပန်းနွမ်းနယ်မှုလျော့ပါးသက်သာစေခြင်း၊ စိတ်ရွှင်လန်းစေခြင်း၊ ခေါင်းကိုက်ခြင်းနှင့် မူးဝေအော့အန်သည့်ဝေဒနာများမှ သက်သာစေခြင်း၊ အစာကြေလွယ်ပြီး ခန္ဓာကိုယ်အလေးချိန်လျော့ကျစေခြင်း စသည့်ကောင်းကျိုးချမ်းသာကို ရရှိစေမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်း၌ ရေရရှိရေး အထူးသဖြင့် ရေချိုရရှိရေးအတွက် ရှာဖွေလျက်ရှိရာ နည်းလမ်းကောင်းများတိုးတက်လာသော်လည်း လူဦးရေ သန်းပေါင်းများစွာအတွက် သန့်ရှင်းသောသောက်သုံးရေ၊ ကျန်းမာရေးနှင့်ညီညွတ်သော သောက်ရေ ရရှိမှုနည်းပါးနေသေးသည်။ ထို့ပြင် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေထက်ဝက်ခန့်သည် ရေကိုအခြေခံသည့် ရောဂါများနှင့်ရင်ဆိုင်ရနိုင်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ဒေသများ၌ ရေလိုအပ်ချက်ရှိလာမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သုံးသပ်ထားသည်။

မြန်မာနိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြသည်။ ထိုကျေးလက်နေပြည်သူအများစုသည် နှစ်စဉ် နွေကာလရောက်တိုင်း သောက်သုံးရေ (ရေချို)ရှားပါးမှုဒဏ်ကို ခံစားနေကြရသည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများ၏ အနာဂတ်ကိုမြော်တွေးကာ သောက်သုံးရေဖူလုံရေးအတွက် ရေချိုရရှိရေးလုပ်ငန်းများကို ကျေးလက်ဒေသများ၌ ခရိုင်၊ မြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများက မြေသားရေလှောင်ကန်များတူးဖော်ပေးခြင်း၊ စက်ရေတွင်းများတူးပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။

ရေကိုသုံးစွဲရာတွင် လူတစ်ဦးချင်းစီက ချွေတာသုံးစွဲသွားကြရမည်ဖြစ်သည်။ ဥပမာအားဖြင့် ရေချိုးရာတွင် အချိန်ကြာမြင့်စွာရေချိုးခြင်း၊ လက်ဆေးကြောရာတွင် ဆပ်ပြာပွတ်တိုက်နေစဉ်အတွင်း ရေပိုက်ခေါင်းဖွင့်ထားခြင်းမျိုးမပြုလုပ်ကြဘဲ၊ ရေကိုအလဟဿဖြုန်းတီးခြင်းမျိုးမပြုလုပ်ကြဘဲ ချွေတာသုံးစွဲကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ရေအသက်တစ်မနက်ဟုဆိုသည့်အတိုင်း လူတို့အနေဖြင့် ရေကို အသက်ရှင်ရပ်တည်နေထိုင်နိုင်ရေးအတွက် သောက်သုံးနေကြရသည်။ ထို့ကြောင့် ရေကို အလဟဿမဖြစ်စေဘဲ လူတစ်ဦးချင်းစီက တန်ဖိုးရှိသောရေကို စနစ်တကျချွေတာသုံးစွဲသွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဖေဖော်ဝါရီ ၁၈**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူ စုစုပေါင်း ၂၇၀၄၇၅ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့ဟာဆိုရင် အလုပ်ပိတ်ရက်၊ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်လဲဖြစ်ပြီး ဥပုသ်နေ့လဲဖြစ်တာကြောင့် လာရောက်ဖူးမြော်သူတွေ များပြားနေပါတယ်။ နေ့ထူးနေ့မြတ်၊ အခါကြီးရက်ကြီးတွေဆို ဝင်ရောက်ဖူးမြော်သူတွေနဲ့ စည်ကားပါတယ်။ ဘုရားဖူးတွေဟာ ပြတိုက်တွေ၊ ကြေးရုပ်ကြီးတွေဆီကိုလဲ သွားရောက်လေ့လာကြပါတယ်။ ဘုရားဖူးတွေက ငါးကန်၊ လိပ်ကန်ကိုသွားပြီး ငါးစာ၊ လိပ်စာကျွေးကြပါတယ်။ ဘုရားရင်ပြင်တော်တစ်ခုလုံးမှာလဲ ဘုရားဖူးတွေနဲ့ စည်ကားနေပါတယ်။ ဆိုင်ခန်းတွေလဲဖွင့်လှစ်ထားပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၆၇၂၀၂ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၂၉၈ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၉၇၅ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# ရောဝတီမြစ် မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်တွင် ရေလမ်းညွှန်အမှတ်အသား အခုရေ ၂၄၀ စတင်စိုက်ထူ

**မန္တလေး ဖေဖော်ဝါရီ ၁၈**

ဧရာဝတီမြစ် မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်တွင် ရေလမ်းညွှန်အမှတ်အသားအခုရေ ၂၄၀ စတင်စိုက်ထူပြသလျက်ရှိကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍သိရသည်။

ဧရာဝတီမြစ် မန္တလေး-တကောင်း ရေလမ်းကြောင်း တစ်လျှောက် ရေယာဉ်များ သွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ ရေပေါ်ပြရေလမ်းညွှန်အမှတ်အသားအခုရေ ၁၄၀ နှင့် ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားအခုရေ ၁၀၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသားအခုရေ ၂၄၀ ကို သင်္ဘောနှစ်စီးဖြင့် စိုက်ထူပြသလျက်ရှိကြောင်း သိရသည်။

"အခု ရေနည်းချိန်ကာလ အတွင်းမှာ ရေယာဉ်တွေသောင်တင်တာ၊ ရေလမ်းကြောင်းအတွင်း မတော်တဆမှု ဖြစ်ပွားတာတွေ မဖြစ်ပေါ်စေဖို့၊ ရေလမ်းအသုံးပြုသူတွေအနေနဲ့ မိမိရေယာဉ်ရဲ့ ဝန်တင်ရေစူးကို ရေကြောင်းအခြေအနေပေါ် မူတည်ပြီးတော့ သတ်မှတ်ထားတဲ့ ရေစူးကန့်သတ်ချက်နဲ့အညီ တင်ဆောင်ပြီး စနစ်တကျခုတ်မောင်းကြဖို့ လိုအပ်ပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလ ဖြစ်သောကြောင့် သောင်ထွန်းမှုများဖြစ်ပေါ်နေပြီး ရေလမ်းကြောင်း ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် မန္တလေး- တကောင်း ရေလမ်းကြောင်းတစ်လျှောက် သွားလာကြမည့် ခရီးသည်တင်သင်္ဘောနှင့်ကုန်တင်သင်္ဘောများအနေဖြင့် အထူးသတိပြုသွားလာကြရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်တော်ကြီးရေလှောင်တမံမှ နွေစပါး ၆၇၅၁၃ ဧကအတွက် စိုက်ပျိုးရေ ပြည့်ဝစွာပေးဝေနေ

**မန္တလေး ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်တော်ကြီးရေလှောင်တမံမှ ရေသောက်ဧရိယာအတွင်း စိုက်ပျိုးမည့် နွေစပါး ၆၇၅၁၃ ဧကအတွက် စိုက်ပျိုးရေပြည့်ဝစွာပေးဝေနေကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ဆည်တော်ကြီးရေလှောင်တမံ ရေသောက်ဧရိယာအတွင်းရှိ မြို့နယ် လေးမြို့နယ်တွင် စိုက်ပျိုးမည့် နွေစပါး ၆၇၅၁၃ ဧကအတွက် ဖေဖော်ဝါရီလ ဒုတိယပတ်မှစ၍ စိုက်ပျိုးရေများ ပြည့်ဝစွာပေးဝေပြီး စိုက်ပျိုးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်က ပြောပြသည်။

"ရေလှောင်တမံကနေပြီးတော့ နွေသီးနှံစိုက်ပျိုးမဲ့ တောင်သူတွေအတွက်ကို ရေပြည့်ဝစွာပေးဝေပြီး စိုက်ပျိုးနေတာပါ။ စိုက်ပျိုးမဲ့ တောင်သူတွေရဲ့သီးနှံတွေ ရေအပြည့်အဝနဲ့ စိုက်ပျိုးနိုင်ပြီးတော့ အကျိုးစီးပွားတွေ ဖြစ်ထွန်းစေဖို့ ပေးဝေသွားမှာပါ။ တောင်သူတွေအနေနဲ့ကလဲ ရေကိုစနစ်တကျသုံးစွဲဖို့လိုပါတယ်။ ရေပြည့်ဝစွာ ပေးဝေနိုင်ဖို့အတွက် ဆည်တော်ကြီးရေလှောင်တမံ ကန်ရေပြည့်မှတ် ၄၁၄ ပေနဲ့ ကန်တွင်းရေလှောင်ပမာဏ ဧကပေ ၃၂၄၀၀၀ သိုလှောင်ထားရှိပြီး အသုံးပြုနိုင်တဲ့ ရေပမာဏဟာ ဧကပေ ၂၉၆၉၀၀ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ စိုက်ဧကတွေကို စတင်စိုက်ပျိုးနေပါပြီ။ နွေစပါးစိုက်တောင်သူတွေ ရေပြည့်ဝစွာနဲ့စိုက်ပျိုးသွားနိုင်မှာပါ"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းသန့်က ပြောပြသည်။

ဆည်တော်ကြီးရေလှောင်တမံ ရေသောက်ဧရိယာအတွင်းရှိ နွေစပါးစိုက်ဧကများမှာ မတ္တရာမြို့နယ်တွင် ၄၂၂၅ ဧက၊ ချမ်းမြသာစည်မြို့နယ်တွင် ၄၄ ဧက၊ ပုသိမ်ကြီးမြို့နယ်တွင် ၁၉၀၆၆ ဧက၊ အမရပူရမြို့နယ်တွင် ၆၁၇၈ ဧက စုစုပေါင်း နွေစပါး ၆၇၅၁၃ ဧကဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဖြူးမြို့နယ် ခင်ပိုင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဖြူး ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ခင်ပိုင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ခင်ပိုင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကျေးရွာတွင်းလမ်းရေရှည်အသုံးပြုနိုင်ရေး ကျေးရွာသူ၊ ကျေးရွာသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဖြူးမြို့နယ် ခင်ပိုင်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေကျပ် သိန်း ၉၀ အသုံးပြု၍ လမ်းအရှည် ပေ ၂၂၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီ ၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ခင်ပိုင်းကျေးရွာရှိ ကျေးလက်နေပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အဆင်ပြေမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ပြောပြ၍ သိရသည်။

**ကိုညို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးကျော်ဟိုး-ဒေါ်သန်းမြင့်မိသားစုက ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျဆရာဝန်ဒေါက်တာဒေါ်ခင်ဦးကြည်နှင့်ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ၅၅၁၂ ဧက စိုက်ပျိုးပြီးစီး



**ငပုတော ဖေဖော်ဝါရီ ၁၈**

ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ၅၅၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါးလျာထား ၇၆၀၇ ဧကကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် နွေစပါး ၅၅၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ စိုက်ပျိုးရန်ကျန်သည့် နွေစပါးဧကများကို ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း ရသည်။

"ငပုတောမြို့နယ် တစ်ခုလုံး အနေနဲ့ နွေစပါးလျာထား ၇၆၀၇ ဧကကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့တာ ဒီနေ့ထိ နွေစပါး ၅၅၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့စပါးတွေကတော့ အမျိုးစုံဖြစ်ပါတယ်။ နွေစပါးတွေကိုအခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ စပါးစိုက်ပျိုးရေးနည်းပညာတွေနဲ့ အခြား လိုအပ်တာတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးထားပါတယ်။ ဒါ့ပြင် စိုက်ပျိုးမဲ့စပါးတွေ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာပေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးနေတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် နွေစပါးစိုက်ပျိုးမည့်တောင်သူများ စိုက်ပျိုးရေးသွင်းအားစုဓာတ်မြေဩဇာများကို အခက်အခဲမရှိအသုံးပြုစိုက်ပျိုးနိုင်ရန် နိုင်ငံတော်စက်ရုံမှထုတ်လုပ်သည့်ပုလဲဓာတ်မြေဩဇာ တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀ သတ်မှတ်ပြီး အရစ်ကျစနစ်ဖြင့်ရောင်းချပေးထားကြောင်း၊ အဆိုပါနွေစပါးလျာထား ၇၆၀၇ ဧကတွင် ထိုင်းဘောကျား၊ နှစ်လခွဲ၊ ရက် ၉၀ စသည့် စပါးအမျိုးအစားများကို အများဆုံး စိုက်ပျိုးကြကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# လပွတ္တာမြို့နယ် အောင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လပွတ္တာ ဖေဖော်ဝါရီ ၁၈**

ရောဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လပွတ္တာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုးက အောင်ကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လပွတ္တာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်ကျော်သူက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကိုပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၂၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက အောင်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၃ ဒသမ ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

# နွားထိုးကြီးမြို့နယ် ကျိုးကန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**နွားထိုးကြီး ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၉ ဒသမ ၄ သန်းဖြင့် ကျိုးကန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့်ဆက်စပ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသိန်းနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်တွေ့ဆုံကာ ကုန်ထုတ်လမ်း ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျိုးကန်ကျေးရွာ၌ လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသားနှစ်ပေနှင့် ချင်းမြေ ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အရှည် ပေ ၂၀၊ အကျယ် လေးပေ ကိုးလက်မ၊ အမြင့် လေးပေကိုးလက်မရှိ Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၉ ဒသမ ၄ သန်း အသုံးပြု၍ တင်ဒါအောင်မြင်သည့် Eagle Force ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်းဆောင်ရွက်နိုင်မှုကြောင့် ကျိုးကန်ကျေးရွာရှိ လယ်ယာမြေဧကတို့မှ ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့လွယ်ကူလျင်မြန်စွာသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသိန်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**



# ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အရေးပါသည့်လယ်ယာထွက်ကုန်များ

မျိုးသူ(ကုန်သွယ်မြှင့်)

**ပြည်ပပို့ကုန်အခြေအနေ**

မြန်မာနိုင်ငံမှ အခြားနိုင်ငံများသို့ ကုန်ပစ္စည်း တင်ပို့ခြင်းနှင့် တင်သွင်းခြင်းကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနှစ်မျိုးဖြင့်သာ အဓိကဆောင်ရွက်ပြီး လေကြောင်းနှင့် မီးရထားလမ်းကြောင်းတို့ဖြင့် တင်ပို့မှုမရှိသလောက်ဖြစ်သည်။ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ ပို့ကုန်အခြေအနေများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်ထိ) နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၂၀၂၁ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်ထိ) နှိုင်းယှဉ်ကြည့်မည်ဆိုပါက အမေရိကန်ဒေါ်လာ ១၅၀၆ သန်းကျော် တိုးတက်လာသည်ကို တွေ့ရသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၂၀၂၁ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်ထိ)က ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၅၄၈ သန်းကျော်ရှိရာမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်ထိ) တွင် ပို့ကုန်တန်ဖိုးမှာ ၁၄၀၅၄ သန်းကျော်ရှိလာသည်။

**လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှု**

ပို့ကုန်တင်ပို့မှုကို အုပ်စုခုနစ်ခုခွဲခြားထားသည်ကို တွေ့ရသည်။ လယ်ယာထွက်ပစ္စည်းအုပ်စု၊ တိရစ္ဆာန်ထွက်ပစ္စည်းအုပ်စု၊ ရေထွက်ပစ္စည်းအုပ်စု၊ သတ္တုတွင်းထွက်ပစ္စည်းအုပ်စု၊ သစ်တောထွက်ပစ္စည်းအုပ်စု၊ စက်မှုကုန်ချောအုပ်စုနှင့် အခြားအုပ်စုဟူ၍ ခွဲခြားထားသည်။ အဆိုပါအုပ်စုများတွင် တင်ပို့မှုများမှာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်ထိ)တွင် လယ်ယာထွက်ပစ္စည်းအုပ်စုမှာ အမေရိကန်ဒေါ်လာ ၃၁၂၂ သန်းကျော်၊ တိရစ္ဆာန်ထွက်ပစ္စည်းအုပ်စုမှာ အမေရိကန်ဒေါ်လာ ၁၉ သန်းကျော်၊ ရေထွက်ပစ္စည်းအုပ်စုမှာ အမေရိကန်ဒေါ်လာ ၆၂၉ သန်းကျော်၊ သတ္တုတွင်းထွက်ပစ္စည်းအုပ်စုမှာ အမေရိကန်ဒေါ်လာ ၂၈၉ သန်းကျော်၊ သစ်တောထွက်ပစ္စည်းအုပ်စုမှာ အမေရိကန်ဒေါ်လာ ၁၂၅ သန်းကျော်၊ စက်မှုကုန်ချောပစ္စည်းအုပ်စုမှာ အမေရိကန်ဒေါ်လာ ၉၄၈၁ သန်းကျော်နှင့် အခြားပစ္စည်းများမှာ အမေရိကန်ဒေါ်လာ ၃၈၉ သန်းကျော် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄၀၅၄ သန်းကျော် တင်ပို့နိုင်ခဲ့သည်။

ထိုတင်ပို့မှုတန်ဖိုးများကိုကြည့်လျှင် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုသည် စုစုပေါင်းတင်ပို့မှု၏ ၂၂ ဒသမ ၂၀ ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၂၀၂၁ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်ထိ)က ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၅၄၈ သန်းကျော်ရှိပြီး လယ်ယာထွက်ပစ္စည်းတင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၁၁၄ သန်းကျော်ရှိသဖြင့် ၂၄ ဒသမ ၈၂ ရာခိုင်နှုန်းရှိသည်။ ထို့ကြောင့် လယ်ယာထွက်ပစ္စည်းတင်ပို့မှုသည် တင်ပို့မှုစုစုပေါင်းတန်ဖိုး၏ ၂၂ ဒသမ ၂၀ ရာခိုင်နှုန်းမှ ၂၄ ဒသမ ၈၂ ရာခိုင်နှုန်းထိရှိသည်ကို တွေ့နိုင်သည်။

**ပို့ကုန်ရငွေအတွက် အရေးကြီးသော လယ်ယာထွက်ကုန်များ**

လယ်ယာထွက်ကုန်တင်ပို့မှုများသည် အစိုးရက တင်ပို့ခြင်းမျိုးမဟုတ်ဘဲ ပုဂ္ဂလိကလုပ်ငန်းရှင်များက တင်ပို့ခြင်းသာဖြစ်ပြီး အမေရိကန်ဒေါ်လာ ၃၁၂၂ သန်းကျော်ရှိသဖြင့် ပုဂ္ဂလိကကဏ္ဍအတွက် အလွန်အရေးပါသည်ကိုတွေ့ရှိနိုင်သည်။ ထို့ပြင် လယ်ယာစိုက်ပျိုးရေးဖြင့် နှစ်စဉ် ထုတ်လုပ်တင်ပို့နေခြင်းဖြစ်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆက်စပ်သည့် အထောက်အကူပြုကွင်းဆက်တစ်ခုလုံးအတွက်လည်း အရေးပါသည်ကို တွေ့နိုင်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်ထိ



တင်ပို့ထားသော လယ်ယာထွက်ကုန်ပစ္စည်းများကို ကြည့်လျှင် ပထမအဖြစ် ဆန်နှင့် ဆန်ကွဲသည် အမေရိကန်ဒေါ်လာ ၆၇၄ သန်းကျော်ဖိုး တင်ပို့ထားသည်။ ဒုတိယအဖြစ် မတ်ပဲသည် အမေရိကန်ဒေါ်လာ ၄၇၅ သန်းကျော်ဖိုးတင်ပို့ထားသည်။ ပြောင်းတင်ပို့ခြင်းမှ ရငွေသည် အမေရိကန်ဒေါ်လာ ၄၅၅ သန်းကျော်ဖြစ်ပြီး တတိယနေရာတွင်ရှိသည်။ ပဲတီစိမ်းတင်ပို့ခြင်းမှ ရငွေသည် အမေရိကန်ဒေါ်လာ ၃၇၉ သန်းကျော်ဖြစ်သည်။ ရော်ဘာတင်ပို့ခြင်းမှ အမေရိကန်ဒေါ်လာ ၂၇၄ သန်းကျော် ရရှိထားသည်။ ပဲစင်းငုံတင်ပို့ခြင်းမှရငွေသည် အမေရိကန်ဒေါ်လာ ၁၃၄ သန်းကျော်ဖြစ်သည်။ နှမ်းတင်ပို့ခြင်းမှ အမေရိကန်ဒေါ်လာ ၁၁၃ သန်းကျော်ရရှိသည်။ ကြက်သွန်နီတင်ပို့ခြင်းမှ အမေရိကန်ဒေါ်လာ ၃၉ သန်းကျော်ရရှိသည်။ အခြားသော ပဲလွမ်းဖြူ၊ ထောပတ်ပဲ၊ နန္ဒင်းတက်၊ ချင်း၊ သီဟိုဠ်စေ့၊ ဖရဲသီး၊ ဆီးသီးခြောက်၊ ဆီးဆန်၊ ကြက်ဆူကျားစေ့၊ သခွားမွေး၊ သရက်သီးနှင့် ပဲပုပ်တို့မှ ပို့ကုန်ဝင်ငွေသည် အမေရိကန်ဒေါ်လာသန်း ၁၀၀ ခန့်ရှိသည်။

အထက်ပါတင်ပို့မှုမှ ရငွေအခြေအနေကိုကြည့်လျှင် ဆန်ဖြစ်စေ၊ ပြောင်းဖြစ်စေ၊ မတ်ပဲ၊ ပဲတီစိမ်းဖြစ်စေ တစ်မျိုးချင်းမှရငွေသည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ (သန်း ၁၀၀၀) ပြည့်သည်ထိ ရရှိခြင်းမျိုးဖြစ်ရန် လိုအပ်သည်။ ထိုသို့ သီးနှံတစ်မျိုးချင်းမှရငွေ တစ်ဘီလီယံကျော်ရန်အတွက် ရည်မှန်းချက်ချမှတ်ပြီး စိုက်ပျိုးစဉ်ကပင် အထွက်ကောင်းရေး၊ အရည်အသွေးကောင်းရေးများကို ဆောင်ရွက်နိုင်ရန်လိုအပ်သည်။

**အမျိုးသားပို့ကုန်မဟာဗျူဟာ**

အမျိုးသားပို့ကုန်မဟာဗျူဟာ(National Export Strategy-NES) ကို ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ အကောင်အထည်ဖော်ခဲ့သည်။ အမျိုးသားပို့ကုန်မဟာဗျူဟာ၏လျာထားချက် ဒုတိယကာလကို ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်ထိ ရည်ရွယ်ထားခဲ့သည်။ ယခုအခါ မဟာဗျူဟာတွင်ပါဝင်သော ကဏ္ဍများကို အကောင်အထည်ဖော်လျက်ရှိသည်ဟု သိရသည်။ အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ဦးစားပေးကဏ္ဍများအဖြစ် ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ပတ်သက်သည့်ကဏ္ဍ ၁၁ ခုရှိသည်။ အဆိုပါကဏ္ဍများမှာ အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့်လျှပ်စစ်ပစ္စည်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ လယ်ယာထွက်ပစ္စည်းအခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊ ဆန်နှင့်ဆန်ထွက်ပစ္စည်းကဏ္ဍ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ၊ ရော်ဘာလုပ်ငန်းကဏ္ဍ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာကဏ္ဍ၊ လက်မှုအနုပညာပစ္စည်းကဏ္ဍတို့ဖြစ်သည်။

အဆိုပါကဏ္ဍကြီး ၁၁ ခုတွင် ငါးခုမှာ လယ်ယာထွက်ကုန်နှင့် စိုက်ပျိုးရေးလုပ်ငန်းမှ ရရှိသောပစ္စည်းများပေါ်တွင် အခြေခံထားသည်ဟုဆိုနိုင်သည်။ အထူးသဖြင့် ဆန်နှင့်ဆန်ထွက်ပစ္စည်းကဏ္ဍ၊ ပဲမျိုးစုံနှင့်ဆီထွက်သီးနှံကဏ္ဍ၊ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ကဏ္ဍ၊ ရော်ဘာလုပ်ငန်းကဏ္ဍတို့သည် လယ်ယာကဏ္ဍမှထွက်ရှိသောသီးနှံများပေါ်တွင် အခြေခံထားကြသည်ကိုတွေ့နိုင်သည်။ ဦးစားပေးကဏ္ဍများအဖြစ် ဆန်နှင့်ဆန်ထွက်ပစ္စည်းကဏ္ဍ၊ ပဲမျိုးစုံနှင့်ဆီထွက်သီးနှံကဏ္ဍ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍတို့အပြင် လယ်ယာထွက်ပစ္စည်းအခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍလည်း ပါဝင်လာသည်ကို တွေ့ရသည်။ လယ်ယာထွက်ကုန်ပစ္စည်းအခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍသည် တန်ဖိုးမြှင့်ထုတ်ကုန်များ၊ ကုန်ချောပစ္စည်းစားသောက်ကုန်များအဖြစ် ထုတ်လုပ်ပြီး တင်ပို့ရန်ရည်ရွယ်သည့်ကဏ္ဍတစ်ခုဖြစ်သည်။ ဆန်နှင့်ဆန်ထွက်ပစ္စည်းများအပြင် များစွာမျှော်လင့်နိုင်သည့် ဖွဲနုမှထုတ်လုပ်မည့် ဖွဲနုဆီသည် ပြည်တွင်းဆီလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်သည့်အပြင် ပြည်ပသို့လည်း တင်ပို့နိုင်မည်ဟု မျှော်လင့်မိသည်။

ထို့ပြင် နှမ်းတင်ပို့ခြင်းအပြင် နှမ်းလှော်နှင့် နှမ်းဆီတို့သည်လည်းကောင်း၊ နေကြာဆီသည်လည်းကောင်း ပြည်ပပို့ကုန်မြှင့်တင်ရေးတွင် အားထားနိုင်သည်ကို တွေ့နိုင်သည်။ မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲနှင့် ပဲစင်းငုံတို့ကို အလုံးလိုက်တင်ပို့နေသည့်အပြင် ခွဲခြမ်းတင်ပို့ခြင်း၊ ပဲမှုန့်များတင်ပို့ခြင်းတို့ကိုပါ တွင်တွင်ကျယ်ကျယ်ပြုလုပ်နိုင်မည်ဆိုလျှင် နိုင်ငံအတွက် ပို့ကုန်မှ ရငွေကို များစွာတိုးတက်လာစေမည်ဖြစ်သည်။ ဆန်နှင့်ဆန်ကွဲတင်ပို့မှုသည် နှစ်စဉ် တန်ချိန် နှစ်သန်းကျော်တင်ပို့နိုင်ပါက အမေရိကန်ဒေါ်လာသန်း ၈၀၀ ခန့်ရရှိနိုင်သဖြင့် ထပ်မံ၍ တန်ချိန် တစ်သန်း တိုးတက်တင်ပို့နိုင်မည်ဆိုပါက ဆန်နှင့်ဆန်ထွက်ပစ္စည်းများမှ တင်ပို့နိုင်မှုသည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်မည်ဖြစ်သည်။

အကယ်၍ ဖွဲနုဆီကိုသာတင်ပို့နိုင်မည်ဆိုပါကလည်း ဆန်နှင့်ဆန်ထွက်ပစ္စည်းမှ ပို့ကုန်ဝင်ငွေသည် တစ်ဘီလီယံကျော်နိုင်သည်။ ပဲမျိုးစုံတင်ပို့မှုသည် တစ်ဘီလီယံကျော်သော်လည်း အကယ်၍ စားသောက်ကုန်များ၊ ပဲခွဲခြမ်းများ၊ ပဲမှုန့်များနှင့် အခြားသော ပဲမှထုတ်လုပ်သည့် စားသောက်ကုန်များကို ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ သီးနှံထုတ်လုပ်မှုတိုးအောင် ဆောင်ရွက်ခြင်း၊ အရည်အသွေးပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ အလေအလွင့်နည်းပါးအောင် ဆောင်ရွက်ခြင်းများကိုပါ တစ်ပြိုင်နက်ဆောင်ရွက်နိုင်မည်ဆိုပါက သီးနှံနှင့် သီးနှံမှထုတ်လုပ်သည့် စားသောက်ကုန်များမှ ပြည်ပပို့ကုန်ရငွေသည် များစွာတိုးတက်လာမည်ဖြစ်သည်။ အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ထည့်သွင်းထားခြင်းမရှိသော်လည်း တင်ပို့မှုများစွာတိုးတက်လာသည့် ပြောင်းကိုလည်း မျှော်လင့်ချက်တစ်ခုထား၍ ဆောင်ရွက်နိုင်သည်။ ပြောင်းကို တိရစ္ဆာန်အစာအတွက် ထုတ်လုပ်ခြင်းအပြင် အခြားတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက ဝင်ငွေလည်း များစွာ တိုးတက်လာနိုင်သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်သီးနှံများကို ပိုမိုထွက်ရှိအောင်ဆောင်ရွက်ခြင်း၊ အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ လေလွင့်ဆုံးရှုံးမှုနည်းပါးအောင် စီမံဆောင်ရွက်ခြင်း၊ ခေတ်မီစက်ရုံအလုပ်ရုံများတည်ဆောက်၍ ကုန်ချောပစ္စည်းများ ထုတ်လုပ်တင်ပို့ခြင်းများကို ဆောင်ရွက်ခြင်းဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုမှ ရငွေကို တိုးတက်လာစေမည်ဖြစ်သည်။ အထူးသဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးကို ဦးတည်ဆောင်ရွက်သွားသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

# ညောင်ရွှေမြို့နယ် လီမီးကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**ညောင်ရွှေ ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စံကားကျေးရွာအုပ်စု လီမီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဘက်စုံသုံးခန်းမ တည်ဆောက်နေမှုကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စံကားကျေးရွာအုပ်စု လီမီးကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ အရည်အသွေးပြည့်မီရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

လီမီးကျေးရွာ၌ အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၇၈၀၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်နိုး(မလှိုင်)**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# စစ်ကိုင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၀၂၇ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၀၂၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ဧက ၄၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၂၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် စစ်ကိုင်းမြို့နယ်မှာ နွေစပါးဧက ၄၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီ။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေကြတယ်။ နွေစပါးစိုက်ပျိုးမှုအနေနဲ့ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ အဓိက ကတော့ နွေစပါးစိုက်ပျိုးရာမှာ စနစ်တကျစိုက်ပျိုးပြီး အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်တာပါ"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် နွေစပါး ၄၁၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် နွေစပါးစိုက်ပျိုးသူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များစိုက်ပျိုးရန် ပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာများ၊ သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုးများစိုက်ပျိုးကြရန် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



# ဒေးဒရဲမြို့နယ် ကံစုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဒေးဒရဲ ဖေဖော်ဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် လိပ်ကျွန်းကျေးရွာအုပ်စု ကံစုကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၇ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာမြင့်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကံစုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်ခိုင်မြဲရေးအတွက် လည်ပတ်ထိန်းသိမ်းရေးအစီအစဉ်များ၊ ပျက်စီးပါက ပြုပြင်နိုင်ရန် ဖွံ့ဖြိုးရေးရန်ပုံငွေများ တတ်အားသရွေ့ စုဆောင်းထားသင့်ကြောင်း၊ လမ်းပျက်စီးမှုများ မဖြစ်စေရန် ဝိုင်းဝန်းထိန်းသိမ်းသင့်ကြောင်း မှာကြားခဲ့သည်။

ကံစုကျေးရွာ၌ အရှည် ၁၇၈၃ ပေ၊ အကျယ် လေးပေ၊ အမြင့် လေးလက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးရွာလူထုကိုယ်တိုင် ၂၀၂၂ ခုနှစ် ဇူလိုင်လမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းပြီးစီးသဖြင့် ကံစုကျေးရွာရှိ အိမ်ခြေ ၁၀၈ အိမ်၊ လူ ၅၀၃ ဦးတို့၏ လူမှုရေး၊ စီးပွားရေးများ ယခင်ထက် ကောင်းမွန်လာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စွာမြင့်က ပြောပြ၍ သိရသည်။ **သန်းသန်းမိုး**

# စိန်တစ်ပွင့်၏ ပြန်ကြားချက်

\- စိန်တစ်ပွင့် ကြည့်မြင်
သိချင်မိ စိတ်ထဲ၊
သင့်ရောင်စဉ် ဘယ်အတွက်ကြောင့်
ပြိုးပြက်သည်လဲ။

\- စိန်တစ်ပွင့် ကြည့်မြင်
သိချင်မိ စိတ်ထဲ၊
သင့်ဆင်းသွင် အဘယ်ညွှန်းလို့
လှလွန်းသည်လဲ။

\- စိန်တစ်ပွင့်ကြည့်မြင်
သိချင်မိ စိတ်ထဲ၊
သင့်ဂုဏ်အင် ဘယ်အကျိုးနဲ့
ဖိုးထိုက်သည်လဲ။

\- အမေးရှိလာတော့
အရေးသိဖို့ အမှန်စကားညီ
ပြန်ကြားမည် တစေ့တစောင်း၊
နဂိုမှ နဂိုင်း
အရိုင်းမှ အယဉ်
အမြင်မှာ သွင်လျှာတင့်စေဖို့
အဆင့်ဆင့်သာ တစ်ထောက်မနေးပါဘု
ကျောက်သွေးဆရာ သွလက်ထဲမှာ
တိုက်စားခံ အံကြိတ်ခဲလို့
ရဲခဲ့ရကြောင်း။ ။

**ချစ်စုအောင်**

# မိုင်းရယ်မြို့နယ် ဟိုတိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းရယ် ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဟိုတိကျေးရွာအုပ်စု ဟိုတိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးက ဟိုတိကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ၅၃၈ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ်အဖြစ် ဟိုတိကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်လိုသူဦးရေ ၆၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နိုးမိုးကျော်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# နိုင်ငံတကာ သတင်းများ

# တောင်အာဖရိက၊ တရုတ်တို့နှင့်ပြုလုပ်နေသော ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ဇာကွန်ဒုံးကျည်သစ် ရုရှားစမ်းသပ်မည်



**မော်စကို ဖေဖော်ဝါရီ ၁၈**

တရုတ်၊ တောင်အာဖရိကနိုင်ငံတို့နှင့်ပူးတွဲပြုလုပ်နေသော ရေတပ်စစ်ရေးလေ့ကျင့်မှုများ၌ ရုရှားနိုင်ငံက ဇာကွန်အမည်ရှိအသံထက်မြန်နှုန်းလွန် ဟိုက်ပါဆိုးနစ်ခရုဇ်ဒုံးကျည်သစ်ကို စမ်းသပ်မည်ဖြစ်ကြောင်း အေပီသတင်းဌာနက ဖေဖော်ဝါရီ ၁၇ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါသုံးနိုင်ငံ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုကို တောင်အာဖရိကနိုင်ငံကမ်းလွန် အိန္ဒိယသမုဒ္ဒရာရေပြင်အတွင်း ဖေဖော်ဝါရီ ၁၇ ရက်တွင် စတင်နေပြီဖြစ်ကြောင်း သိရသည်။

မိုစီ-၂ ဟူ၍ အမည်ပေးထားသော အဆိုပါ သုံးနိုင်ငံပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှု၌ ရုရှားရေတပ်မှ အက်မိုင်ရယ်ဂေါ်ရှ်ကော့ဗ် အမည်ရှိ ရုရှားဖရီးဂိတ်စစ်သင်္ဘောလည်း ပါဝင်မည်ဖြစ်ပြီး ဇာကွန်ဟိုက်ပါဆိုးနစ်ဒုံးကျည်သစ်ကို စမ်းသပ်မည်ဖြစ်ကြောင်း ရုရှားမီဒီယာများ၏ အဆိုအရ သိရသည်။

အဆိုပါ အစီအစဉ်ဖြစ်မြောက်ခဲ့ပါက ယင်းစမ်းသပ်မှုသည် နိုင်ငံတကာရေပြင်အတွင်း ပထမဆုံးအကြိမ်ပြုလုပ်ခဲ့သော ဇာကွန်ဒုံးကျည်စမ်းသပ်မှု ဖြစ်လာလိမ့်မည်ဖြစ်သည်။

ဇာကွန်ဟိုက်ပါဆိုးနစ်ဒုံးကျည်သည် မည်သည့်လေကြောင်းရန်ကာကွယ်ရေးစနစ်မျိုးကိုမဆို ကျော်ဖြတ်နိုင်ပြီး မြေပြင်၊ ရေပြင် ပစ်မှတ်များကို ချေမှုန်းနိုင်ကြောင်း ရုရှားနိုင်ငံက ပြောကြားထားသည်။

မိုစီ-၂ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုတွင် တောင်အာဖရိကစစ်သင်္ဘောတစ်စီးနှင့် တရုတ်ရေတပ် စစ်သင်္ဘောသုံးစီးတို့လည်း ပါဝင်ကြောင်း သိရသည်။

KKO

# တာဝေးပစ်ဒုံးကျည်မြောက်ကိုရီးယားပစ်လွှတ် ဂျပန်အထူးစီးပွားရေးရေပြင်ဇုန်အတွင်း ကျရောက်

**ပြုံယမ်း ဖေဖော်ဝါရီ ၁၈**

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် တာဝေးပစ်ဒုံးကျည်တစ်စင်းကို အရှေ့ဘက်ကမ်းရိုးတန်းကမ်းလွန်ပင်လယ် ရေပြင်အတွင်းသို့ ပစ်လွှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တောင်ကိုရီးယားနှင့်အမေရိကန်နိုင်ငံတို့ ပူးတွဲပြုလုပ်မည့် စစ်ရေးလေ့ကျင့်မှုများကို ပြင်းပြင်းထန်ထန် တုံ့ပြန်မည်ဖြစ်ကြောင်း သတိပေးခဲ့ပြီးနောက် ယင်းတာဝေးပစ်ဒုံးကျည်ကို မြောက်ကိုရီးယားက ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား တာဝေးပစ်ဒုံးကျည်သည် ပစ်လွှတ်ပြီး တစ်နာရီကျော်အကြာတွင် ဂျပန်အထူးစီးပွားရေးရေပြင်ဇုန်အတွင်း ကျရောက်ခဲ့ကြောင်း ဂျပန်အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ တာဝေးပစ်ဒုံးကျည်သည် မြောက်ကိုရီးယားနိုင်ငံပိုင်ဆိုင်ထားသည့် အကြီးမားဆုံးဒုံးကျည်လက်နက်များထဲတွင် အပါအဝင်ဖြစ်နိုင်ကြောင်း ဂျပန်တာဝန်ရှိသူများက ယူဆထားသည်။

တောင်ကိုရီးယား စစ်ဘက်၏ အဆိုအရ မြောက်ကိုရီးယားနိုင်ငံသည် အဆိုပါ တာဝေးပစ်ဒုံးကျည်ကို ပြုံယမ်းနိုင်ငံတကာလေဆိပ် ဆူနန်နယ်မြေမှ ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါနယ်မြေသည် မြောက်ကိုရီးယားစစ်ဘက်က တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုများ ပြုလုပ်တတ်သည့်နေရာဖြစ်သည်။ KKO

# ဆူရီနမ်နိုင်ငံ၌ လွှတ်တော်ကို ဆန္ဒပြသမားများ ဝင်ရောက်စီးနင်း

**ပါရာမာရီဘို ဖေဖော်ဝါရီ ၁၈**

အာဖရိကတိုက် ဆူရီနမ်နိုင်ငံ ပါရာမာရီဘိုမြို့၌ လောင်စာဆီနှင့် လျှပ်စစ်ဓာတ်အား ဈေးနှုန်းများ မြင့်တက်မှုကို မကျေမနပ်ဖြစ်နေသော ဆန္ဒပြသမားများက ဖေဖော်ဝါရီ ၁၇ ရက်တွင် လွှတ်တော်ကို ဝင်ရောက်စီးနင်း၍ ပြတင်းပေါက်များရိုက်ချိုးခဲ့ကြကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ထို့ပြင် ဆန္ဒပြသမားများသည် လွှတ်တော်အဆောက်အအုံအနီးရှိ ဈေးဆိုင်များကိုလည်း လုယက်ခဲ့ကြကြောင်း သိရသည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)၏ အကြံပြုချက်အရ လျှပ်စစ်ဓာတ်အားနှင့် လောင်စာဆီတို့အတွက် နိုင်ငံတော်က စိုက်ထုတ်သုံးစွဲမှုကို သမ္မတ ချန်ဒရီကာပါဆက်စန်တိုခီက အဆုံးသတ်ခဲ့ပြီးနောက် ဆူရီနမ်နိုင်ငံ၌ လျှပ်စစ်ဓာတ်အားခနှင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာခဲ့သည်။

ဖေဖော်ဝါရီ ၁၇ ရက် ဆန္ဒပြပွဲများတွင် ဆန္ဒပြသမားများက သမ္မတ ချန်ဒရီကာပါဆက်စန်တိုခီ ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြသည်။

သို့ရာတွင် အဆိုပါ ဆန္ဒပြပွဲများအတွင်း လွှတ်တော်အားဝင်ရောက်စီးနင်းမှုကို ဆူရီနမ်အစိုးရက ရှုတ်ချခဲ့ပြီး ယင်းဖြစ်စဉ်အတွက် တာဝန်ရှိသူများကို အရေးယူမည်ဖြစ်ကြောင်း ပြောကြားထားသည်။

ပြည်သူများ၏ ဆန္ဒပြပိုင်ခွင့်ကို မိမိတို့လေးစားသော်လည်း လွှတ်တော်ကို စီးနင်း၍ ဆန္ဒပြမှုမျိုးကို မိမိတို့လက်မခံနိုင်ဟု ဆူရီနမ်သမ္မတရုံးက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

KKO




# သမ္မတရွေးကောက်ပွဲလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင် ဦးရေ ၄၀၀၀၀၀ ကျော် နိုင်ဂျီးရီးယား ဖြန့်ကြက်မည်

**အဘူဂျာ ဖေဖော်ဝါရီ ၁၈**

လာမည့် ရက်သတ္တပတ်အတွင်း သမ္မတရွေးကောက်ပွဲများ မကျင်းပမီ ပြည်တွင်းလုံခြုံရေးအတွက် နိုင်ဂျီးရီးယားအစိုးရက လုံခြုံရေးတပ်ဖွဲ့ဝင် ဦးရေ ၄၀၀၀၀၀ ကျော် ဖြန့်ကြက်ထားမည် ဖြစ်ကြောင်း အေပီသတင်းဌာနက ဖေဖော်ဝါရီ ၁၇ ရက်တွင် ဖော်ပြခဲ့သည်။




အစွန်းရောက်စစ်သွေးကြွများနှင့်ခွဲထွက်ရေးဝါဒီများက သမ္မတရွေးကောက်ပွဲကို အနှောင့်အယှက်ပေးလာနိုင်မည့်အရေး စိုးရိမ်နေရစဉ် ရွေးကောက်ပွဲကာလပြည်တွင်းလုံခြုံရေးအတွက် တပ်ဖွဲ့ဝင် ဦးရေ ၄၀၀၀၀၀ ဖြန့်ကြက်ရန် နိုင်ဂျီးရီးယားနိုင်ငံက စီစဉ်ထားခြင်းဖြစ်သည်။

ထို့ပြင် အကြမ်းဖက်ဆန္ဒပြပွဲများဖြစ်ပွားလာပါကလည်း အဆိုပါလုံခြုံရေးတပ်ဖွဲ့ဝင်များကပင် ကိုင်တွယ်မည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားရဲချုပ်က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

ရွေးကောက်ပွဲကာလပြည်တွင်းလုံခြုံရေးအတွက် နိုင်ဂျီးရီးယားအမျိုးသားရဲတပ်ဖွဲ့ကို အခြားလုံခြုံရေးအေဂျင်စီများက အကူအညီပေးမည်ဖြစ်သည်။

သမ္မတ ရွေးကောက်ပွဲအတွက် နိုင်ဂျီးရီးယားနိုင်ငံတစ်ဝန်း၌ မဲရုံပေါင်း ၁၇၅၀၀၀ ကျော်ဖွင့်လှစ်မည်ဖြစ်ရာ မဲရုံတစ်ရုံလျှင် အနည်းဆုံး လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးက တာဝန်ယူပေးမည်ဖြစ်ပြီး ရွေးကောက်ပွဲကို လာမည့် ဖေဖော်ဝါရီ၂၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။ KKO

# ဆိုဖီယာမြို့အနီး စွန့်ပစ်ထားသော ယာဉ်တစ်စီးပေါ်၌ အာဖဂန်ရွှေ့ပြောင်းဝင်ရောက်သူများ၏ရုပ်အလောင်းများတွေ့ရှိ

**ဆိုဖီယာ ဖေဖော်ဝါရီ ၁၈**

ဆိုဖီယာမြို့အနီး စွန့်ပစ်ထားသည့် ကုန်တင်ယာဉ်တစ်စီးပေါ်၌ အာဖဂန်နစ္စတန်နိုင်ငံသား တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ၁၀ ဦးတို့၏ ရုပ်အလောင်းများကို ဘူလ်ဂေးရီးယားရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၇ ရက်တွင် တွေ့ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သစ်ခွဲသားများ တင်ဆောင်ထားသည့် အဆိုပါကုန်တင်ယာဉ်သည်အာဖဂန်တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများကိုလည်း အဖုံးများအတွင်း ထည့်သွင်းသယ်ဆောင်ထားကြောင်း ဘူလ်ဂေးရီးယားပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

စွန့်ပစ်ထားသော အဆိုပါ ကုန်တင်ယာဉ်ပေါ်တွင် သေဆုံးသူ ၁၈ ဦးအပြင် ကလေးငါးဦးအပါအဝင် အာဖဂန်လူမျိုး ၃၄ ဦးကိုလည်း အသက်ရှင်လျက်တွေ့ရှိခဲ့ရာ ဆေးရုံသို့ ပို့ဆောင်ပေးထားရကြောင်း ဘူလ်ဂေးရီးယား တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ အာဖဂန်လူမျိုးများသည် တူရကီနိုင်ငံဘက်မှတစ်ဆင့် ဘူလ်ဂေးရီးယား နိုင်ငံဘက်သို့ နယ်စပ်ဖြတ်၍ တရားမဝင်ဝင်ရောက်ခဲ့ပြီး အဆိုပါ ကုန်တင်ယာဉ်ဖြင့် ဆိုဖီယာမြို့အနီးရောက်ရှိလာကြခြင်းဖြစ်သည်။

တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူများ သေဆုံးမှုဖြစ်စဉ်အတွက် လူလေးဦးကို ဖမ်းဆီးထားပြီး သက်သေအထောက်အထားစုံလင်ချိန်တွင် တရားစွဲဆိုမည်ဖြစ်ကြောင်း ဘူလ်ဂေးရီးယားရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဘူလ်ဂေးရီးယား နိုင်ငံသည် အရှေ့အလယ်ပိုင်းနှင့် အာဖဂန်နစ္စတန်တို့မှ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများ ဥရောပသမဂ္ဂနိုင်ငံများသို့ ဝင်ရောက်ရာလမ်းကြောင်းပေါ်၌ တည်ရှိကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## Space-X အာကာသနည်းပညာကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၅၁ စင်း လွှတ်တင်ခဲ့



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၈**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ဖေဖော်ဝါရီ ၁၇ ရက်က စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၅၁ စင်းကို လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၇ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တုများအား သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဘင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ မိနစ်နှင့် စက္ကန့် ၄၀ အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ပိုင်းအဆင့် ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၁၅ ဒသမ ၅ မိနစ်အကြာတွင် သယ်ဆောင်ထားသော စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဖေဖော်ဝါရီ ၁၇ ရက် မစ်ရှင်အောင်မြင်မှုကြောင့် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ Space-X အာကာသနည်းပညာကုမ္ပဏီနေရာချထားနိုင်သည့် စတားလင့်ခ်ဂြိုဟ်တုအရေအတွက်မှာ ၄၀၀၀ ခန့်ထိ ရှိလာပြီဖြစ်သည်။

အထက်ပါမစ်ရှင်သည် Space-X အာကာသနည်းပညာကုမ္ပဏီအတွက် ယခုနှစ်၏ ၁၀ ခုမြောက် အာကာသမစ်ရှင် ဖြစ်ကြောင်း သိရသည်။ KKO

## နာဆာ၏ အင်ဂျီနျူတီရဟတ်ယာဉ်က အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ၄၃ ကြိမ်မြောက်အဖြစ် ကင်းထောက်ပျံသန်းခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ အင်ဂျီနျူတီရဟတ်ယာဉ်သည် ဖေဖော်ဝါရီ ၁၆ ရက်က အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ၄၃ ကြိမ်မြောက်အဖြစ် ကင်းထောက်ပျံသန်းခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၇ ရက်က ရေးသားတင်ပြထားသည်။

၄၃ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုတွင် အင်ဂျီနျူတီရဟတ်ယာဉ်သည် ပေပေါင်း ၁၂၈၀ ထိ ပျံသန်းခဲ့ကြောင်း သိရသည်။

အဆိုပါ အကွာအဝေးသည် ၂၀၂၂ ခုနှစ် ဧပြီ ၂၉ ရက်နောက်ပိုင်းကာလများအတွင်း အင်ဂျီနျူတီ ပျံသန်းခဲ့ဖူးသမျှ အဝေးဆုံးအကွာအဝေးဖြစ်သည်။



၂၀၂၂ ခုနှစ် ဧပြီ ၂၉ ရက်က အင်ဂျီနျူတီ ရဟတ်ယာဉ်သည် အကွာအဝေးပေပေါင်း ၁၃၇၁ ပေထိပျံသန်းခဲ့သည်။

ဂျီဇီးရိုး ဥက္ကာချိုင့်ဝှမ်းနယ်မြေပေါ်သို့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလက ဆင်းသက်ခဲ့ပြီးနောက်ပိုင်း အင်ဂျီနျူတီ ရဟတ်ယာဉ်ပျံသန်းခဲ့သည့် အဝေးဆုံးအကွာအဝေးမှာ ပေပေါင်း ၂၃၁၀ ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဧပြီ ၈ ရက်တွင် ပျံသန်းခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အင်ဂျီနျူတီ ရဟတ်ယာဉ်သည် အင်္ဂါဂြိုဟ်ပေါ်၌ အကွာအဝေး ၂၈၉၆၈ ပေထိ ပျံသန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

KKO

## ဖားလောင်းခေါင်းတိမ်တိုက်တစ်ခုက အလင်းအားတောက်ပသည့်အရာဝတ္ထုများ ကင်းမဲ့နေသော အာကာသဗလာနယ်တစ်ခုကို ဗဟိုပြုလှည့်ပတ်နေ

**တိုကျို ဖေဖော်ဝါရီ ၁၈**

ဖားလောင်း (Tadpole) တိမ်တိုက်ဟူ၍ အမည်ပေးထားသော ခေါင်းတိမ်တိုက် တစ်ခုသည် အလင်းအားတောက်ပသည့် အရာဝတ္ထုများကင်းမဲ့နေသော အာကာသဗလာနယ်တစ်ခုကို ဗဟိုပြုလှည့်ပတ်နေကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၇ ရက်က ရေးသားတင်ပြထားသည်။

သို့ဖြစ်ရာ အဆိုပါခေါင်းတိမ်တိုက်သည် နေ၏ဒြပ်ထုထက် အဆပေါင်း ၁၀၀၀၀၀ ပိုကြီးမားသည့် အာကာသတွင်းနက်တစ်ခုကို ဗဟိုပြု လှည့်ပတ်နေခြင်းဖြစ်နိုင်သည်ဟု ဂျပန်သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

ဖားလောင်းခေါင်းတိမ်တိုက်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၂၇၀၀၀ ခန့် အကွာတွင်တည်ရှိကြောင်း ဂျပန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဖားလောင်းခေါင်းတိမ်တိုက်၏ ပတ်လမ်းဗဟိုချက်၌ ၎င်းတိမ်တိုက်ကို ဒြပ်ဆွဲအားဖြင့်ထိန်းထားနိုင်သည့် အာကာသဒြပ်ထည်မျိုး မရှိကြောင်း၊ သို့ဖြစ်ရာ အဆိုပါ ခေါင်းတိမ်တိုက် ဗဟိုပြုလှည့်ပတ်နေသည့်အရာမှာ အာကာသတွင်းနက်တစ်ခုသာဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အာကာသတွင်းနက်များသည် အလင်းရောင်ထုတ်လွှတ်မှုမရှိခြင်းကြောင့် အခြားအာကာသဒြပ်ထည်များနှင့် ထိတွေ့တုံ့ပြန်ချိန်မှသာ ထောက်လှမ်းတွေ့ရှိနိုင်သည့် အာကာသနယ်မြေများဖြစ်သည်။

ဖားလောင်းခေါင်းတိမ်တိုက်သည် ပတ်လမ်းဗဟိုချက်ရှိ သိပ်သည်းဆ လွန်စွာကြီးမားသည့်အရာတစ်ခုကို လှည့်ပတ်နေရမှုကြောင့် ပတ်လမ်းပေါ်၌ တိမ်တိုက်ကိုယ်ထည် ဆန့်ထွက်လာသည်ကို တွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

# HEALTH

## H5N1 က လူသားများအတွက်အန္တရာယ်ရှိသည့် ပိုင်းရပ်အဖြစ် မျိုးဗီဇပြောင်းလာနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၁၈**

ကမ္ဘာတစ်ဝန်း ကူးစက်နေသည့် ကူးစက်မြန် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်(H5N1) သည် လူသားများအတွက် အန္တရာယ်ကြီးသည့် ကူးစက်ရောဂါ ကပ်ဘေးတစ်ခု ဖန်တီးပေးနိုင်သော ဗိုင်းရပ်အဖြစ် မျိုးဗီဇ ပြောင်းလာနိုင်ကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၁၇ ရက်က ရေးသားတင်ပြထားသည်။

လက်ရှိအချိန်တွင် အဆိုပါ H5N1 ဗိုင်းရပ်သည် ကြက်ငှက်များမှတစ်ဆင့် မြေခွေးနှင့်ဖျံကဲ့သို့ နို့တိုက်သတ္တဝါများသို့ပါ ကူးစက်နေကြောင်း သိရသည်။

အဆိုပါဗိုင်းရပ်အနေဖြင့် မျိုးဗီဇအပြောင်းအလဲကြောင့် လူသားများထံ ကူးစက်ဝင်ရောက်နိုင်စွမ်းရှိလာပါက ကမ္ဘာ့ပြည်သူများအတွက် အန္တရာယ်ကြီးသည့် ကူးစက်ရောဂါ ကပ်ဘေးသစ် ပေါ်ထွက်လာနိုင်ကြောင်း ကမ္ဘာ့တိရစ္ဆာန်များ ကျန်းမာရေးအဖွဲ့ (WDAH) ကျွမ်းကျင်သူများက သတိပေးထားသည်။

နို့တိုက်သတ္တဝါများသည် တုပ်ကွေးဗိုင်းရပ်အမျိုးမျိုးတို့၏ ကြားခံယာဉ်ဖြစ်လာနိုင်ရာ လူသားများအတွက် အန္တရာယ်ရှိသည့် H5N1 ဗိုင်းရပ်သစ်တစ်မျိုး ပေါ်ထွက်လာနိုင်ခြေရှိကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

လက်ရှိ H5N1 ကြက်ငှက်တုပ်ကွေးဗိုင်းရပ်သည် လူတစ်ဦးမှ တစ်ဦးထံ အလွယ်တကူမကူးစက်နိုင်မှုကြောင့် ၁၉၉၇ ခုနှစ်မှစ၍ လက်ရှိအချိန်ထိ တစ်ကမ္ဘာလုံး၌ အဆိုပါဗိုင်းရပ် ကူးစက်ခံခဲ့ရသူ ၉၀၀ ခန့်သာရှိခဲ့သည်။ KKO

## အသီးအနှံအခြေခံသော အစားအစာစားသုံးခြင်းဖြင့် သုက်ရည်ဂလင်းအိတ်ကင်ဆာရောဂါတိုးလာမှု တားဆီးနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၁၈**

သုက်ရည်ဂလင်းအိတ်ကင်ဆာရောဂါ စစ်ဆေးတွေ့ရှိရပြီးနောက် အသီးအနှံကိုအခြေခံသောကျန်းမာရေးနှင့်ကိုက်ညီသည့် အစားအစာများစားသုံးခြင်းဖြင့် ရောဂါတိုးလာမှု သို့မဟုတ် တစ်ကျော့ပြန်ပေါ်လာမှုတို့ကို တားဆီးနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၁၇ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ရောဂါ စစ်ဆေးတွေ့ရှိပြီးနောက် အသီးအနှံ အခြေခံစာစာများ စားသုံးနေကြသောသုက်ရည်ဂလင်းအိတ်ကင်ဆာ လူနာများသည် အထက်ပါစာစာကို အနည်းငယ်မျှသာ စားသုံးသူလူနာများနှင့် နှိုင်းယှဉ်ပါက ရောဂါတိုးလာနိုင်ခြေနှင့် ရောဂါတစ်ကျော့ပြန် ပေါ်လာနိုင်ခြေ ၅၃ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၌ အောက်ဆီဂျင်ဓာတ်ဖျက်ပစ္စည်းများ၊ ရောင်ရမ်းမှုတိုက်ဖျက်ရေးဝုဏ်သတ္တိများ ပိုင်ဆိုင်ထားရာ အသီးအနှံ အခြေခံစာစာများသည် သုက်ရည်ဂလင်းအိတ်ကင်ဆာလူနာများ၏ ကျန်းမာရေးအတွက် အကျိုးရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် သုက်ရည်ဂလင်းအိတ်ကင်ဆာလူနာ ၂၀၀၀ ကျော်၏ အချက်အလက်များကို လေ့လာပြီးနောက်၎င်းတို့၏တွေ့ရှိချက်ကိုတင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ကင်ဆာဆဲလ်များ အခြားကိုယ်တွင်းအင်္ဂါများသို့ပျံ့နှံ့သွားပြီး ပြင်းထန်ကင်ဆာအဆင့်သို့ ရောဂါတိုးလာနိုင်မှုသည် သုက်ရည်ဂလင်းအိတ်ကင်ဆာလူနာများအတွက် စိုးရိမ်ရသည့် အကြောင်းတရားတစ်ရပ်ဖြစ်ကြောင်း သိရသည်။ KKO



# လီဗာပူးအသင်းနှင့်ကစားမည့်ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းမှ တိုနီခရူးစ်နှင့် ဘင်ဇီးမားတို့လွဲချော်ဖွယ်ရှိနေ




**မက်ဒရစ် ဖေဖော်ဝါရီ ၁၈**

ရီးရဲလ်မက်ဒရစ်အသင်းအဓိက ကစားသမားနှစ်ဦးဖြစ်သည့် ဝါရင့် တိုက်စစ်ကစားသမား ဘင်ဇီးမား နှင့် ကွင်းလယ်ကစားသမား တိုနီခရူးစ်တို့သည် ဒဏ်ရာကိုယ်စီ ရရှိနေသည့်အတွက် လီဗာပူး အသင်းနှင့်ကစားမည့် ချန်ပီယံ လိဂ်ပြိုင်ပွဲ(၁၆)သင်းရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်ကို လွဲချော်ဖွယ် ရှိနေသည်ဟု AS သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ဘင်ဇီးမားသည် ပြီးခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းက အယ်ချီ အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်း အတွက် နှစ်ဂိုးသွင်းယူနိုင်ခဲ့သော် လည်း အဆိုပါပွဲစဉ်တွင် အသေးစား ဒဏ်ရာရရှိခဲ့သည့်အတွက်အနားယူ နေခဲ့ပြီး အိုဆာဆူနာအသင်းနှင့် ပွဲစဉ်ကိုလွဲချော်မည့်အပြင် လီဗာပူး အသင်းနှင့်ပွဲစဉ်ကိုပါ ထပ်မံ လွဲချော်မည်ဖြစ်သည်။

အလားတူ အဓိက ကွင်းလယ် ကစားသမား တိုနီခရူးစ်သည်လည်း လက်ရှိတွင် အစာအိမ်ရောဂါခံစား နေရသည့်အတွက် ပြီးခဲ့သည့် ကမ္ဘာ့ကလပ်ဖလား ဗိုလ်လုပွဲစဉ် အဖြစ်ကစားခဲ့သည့် ရီးရဲလ်မက် ဒရစ်အသင်းနှင့် အယ်ဟိုင်လာ အသင်းတို့ကစားခဲ့သည့် ပွဲစဉ် ပြီးကတည်းက အနားယူနေခဲ့သည့် အတွက် မည်သည့်အချိန်မှ ပြန်လည် ကောင်းမွန်လာမည်ကို မသိရှိရသေးသောကြောင့် လီဗာပူး အသင်းနှင့် အရေးကြီးပွဲစဉ်ကို လွဲချော်ရမည်ဖြစ်သည်။

လီဗာပူးအသင်းနှင့် ရီးရဲလ်မက် ဒရစ်အသင်းတို့သည် ချန်ပီယံလိဂ် ပြိုင်ပွဲ (၁၆) သင်း ရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်ကို လာမည့် ဖေဖော်ဝါရီ ၂၂ရက်တွင် လီဗာပူး အသင်းအိမ်ကွင်း၌ ကစားသွားရ မည်ဖြစ်ကြောင်း သိရသည်။

STA

# Genesis Invitational ပြိုင်ပွဲ အမှတ်ပေးဇယားကို မက်ဟိုမာ ဦးဆောင်

**ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၁၈**

အမေရိကန်နိုင်ငံ ကယ်လီဖိုး နီးယားပြည်နယ်တွင် ကျင်းပနေ သည့် Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ အပြီးတွင် အမေရိကန်ဂေါက်သီး ရိုက်ကစားသမား မက်ဟိုမာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျှော့ရိုက်ကာ အမှတ်ပေး ဇယားကို ဦးဆောင်လျက်ရှိကြောင်း Golf Digest သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန် ဂေါက်သီးရိုက်ကစား သမား ဂျွန်ရမ်းက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီ လျှော့ရိုက်ကာ အမေရိကန်ဂေါက်သီး ရိုက်ကစားသမားများဖြစ်ကြသည့် ဟော့ဂက်စ်၊ မစ်ချယ်လ်တိုနှင့်အတူ အမှတ်ပေးဇယား၏ ဒုတိယနေရာ တွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အမေရိကန် ဂေါက်သီးရိုက် ကစားသမား မိုရီကာဝါက စုစု ပေါင်း သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျှော့ရိုက်ကာ အမှတ်ပေး ဇယား၏တတိယနေရာတွင် ရပ်တည် နေသည်။

မက်ဟိုမာသည် ၂၀၂၀ ခုနှစ် တွင် Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံ ဆုကို ဆွတ်ခူးထားနိုင်သည့် ကစား သမားတစ်ဦးဖြစ်ပြီး ချန်ပီယံဆုကို ဒုတိယအကြိမ်မြောက် ဆွတ်ခူးနိုင် ရန် ပစ်မှတ်ထားနေသည်။

မက်ဟိုမာက "ကယ်လီဖိုး နီးယားပြည်နယ်မှာ ကျင်းပတဲ့ ပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်ကစားရတာ အရမ်းအဆင်ပြေတယ်။ ကယ်လီဖိုး နီးယားပြည်နယ်မှာ ကစားတိုင်းလဲ ရလဒ်ကောင်းလေ့ရှိတယ်။ တခြား နေရာမှာကစားတာထက် ကယ်လီ ဖိုးနီးယားပြည်နယ်မှာ ကစားရင် ဘာကြောင့် ရလဒ်ကောင်းသလဲ ဆိုတာကိုတော့ ကျွန်တော်လဲ မပြောတတ်ဘူး။ ကယ်လီဖိုးနီးယား ပြည်နယ်က ဂေါက်ကွင်းတွေမှာ ကစားရတာ သက်သောင့်သက်သာ ရှိတယ်။ မြက်တွေပိုကောင်းတယ်လို့ လဲ ခံစားရတယ်။ အခုကစားနေတဲ့ ဂေါက်ကွင်းဟာ ကျွန်တော့်ကစား ဟန်နဲ့ အံဝင်တယ်လို့လဲ ခံစားရ တယ်။ လိုချင်တဲ့နေရာကိုရောက်ဖို့ အတွက်လဲ အရမ်းအဆင်ပြေတယ်။ ဒုတိယနေ့ထိတော့ အကောင်းဆုံး ကစားထားနိုင်တယ်။ နောက်ဆုံး နေ့ထိ ဒီပုံစံကောင်းကို ဆက်ထိန်း နိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# WBA Asia စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ထရောင်ဒင်ဟောင်က ဒဲယန်ဘတ်ဖြင့် ထိုးသတ်သွားမည်

**ဟိုချီမင်း ဖေဖော်ဝါရီ ၁၈**

WBA Asia စူပါမစ်ဒယ်ဝိတ် တန်း လက်ရှိချန်ပီယံကာကွယ်ပွဲစဉ် အဖြစ် လက်ရှိချန်ပီယံ ဗီယက်နမ် လက်ဝှေ့သမား ထရောင်ဒင်ဟောင် သည် မတ် ၂၅ ရက်တွင် တောင်ကိုရီးယား လက်ဝှေ့သမား ဒဲယန်ဘတ်နှင့် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ထိုးသတ်မည်ဖြစ် ကြောင်း Vietnam News သတင်း ဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဒဲယန်ဘတ်သည် စူပါမစ်ဒယ် ဝိတ်တန်းတွင် တောင်ကိုရီးယား နိုင်ငံ၏ အဆင့် (၁) နေရာတွင် ရပ်တည်နေသလို အာရှတိုက်တွင် အဆင့်(၁၁) နေရာ၌ ရပ်တည်နေ သည့် လက်ဝှေ့သမားတစ်ဦး ဖြစ်သည်။

ထရောင်ဒင်ဟောင်နှင့် ဒဲယန် ဘတ်တို့၏ စိန်ခေါ်ပွဲကို ဖေဖော် ဝါရီ ၂၆ ရက်တွင် ကျင်းပသွားရန် စီစဉ်ခဲ့သော်လည်း အာဏာပိုင် အဖွဲ့အစည်းထံမှ ခွင့်ပြုချက် အချိန်မီမရရှိသည့်အတွက် မတ် ၂၅ ရက်သို့ ရွှေ့ပြောင်းခဲ့ရခြင်း ဖြစ်သည်။

ထရောင်ဒင်ဟောင် အနေဖြင့် တောင်ကိုရီးယား အဆင့် (၁) လက်ဝှေ့သမားနှင့် ထိုးသတ်သွားရ မည်ဖြစ်သည့်အတွက် ခက်ခဲသည့် စိန်ခေါ်ပွဲတစ်ပွဲဖြစ်လာနိုင်ကြောင်း သိရသည်။




ထရောင်ဒင်ဟောင်က "ကျွန်တော် ထိုးသတ်ရမဲ့ ပြိုင်ဘက်ဟာ တောင်ကိုရီးယားနိုင်ငံရဲ့ အဆင့်(၁) လက်ဝှေ့သမားတစ်ဦးဖြစ်ပါတယ်။ WBA Asia ရဲ့ အဆင့် (၁၁) နေရာမှာ ရပ်တည်နေသူလဲဖြစ်ပါ တယ်။ ပြိုင်ဘက်ကောင်း တစ်ယောက်နဲ့ ယှဉ်ပြိုင်ထိုးသတ် ရမှာဖြစ်တဲ့အတွက် ကျွန်တော့် အတွက်တော့ ကြီးမားတဲ့ စိန်ခေါ်မှု တစ်ရပ်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ လက်ရှိချန်ပီယံဆုကို ကာကွယ်သွားဖို့အတွက် အကောင်း ဆုံးပြင်ဆင်ထားပါတယ်။ ဒီစိန်ခေါ်ပွဲ ကို ဖေဖော်ဝါရီ ၂၆ ရက်မှာ ထိုးသတ်ဖို့စီစဉ်ခဲ့ပေမဲ့လဲ အကြောင်း အမျိုးမျိုးကြောင့် မတ် ၂၅ ရက်ကို ရွှေ့ပြောင်းလိုက်ရတယ်။ ပြင်ဆင် လေ့ကျင့်မှုအပိုင်းကတော့ အဆင်သင့် ဖြစ်နေပါပြီ။ ဒါပေမဲ့လဲ ရက်ရွှေ့ လိုက်တဲ့အတွက်ကြောင့် လေ့ကျင့် ပြင်ဆင်ချိန် ပိုရလာတယ်။ ဗီယက်နမ်မြေမှာ ထိုးသတ်မှာ ဖြစ်တဲ့အတွက် ဗီယက်နမ်ပရိသတ် တွေစိတ်မပျက်အောင် ကျွန်တော် အကောင်းဆုံး ကြိုးစားသွားမှာပါ။ ဒီစိန်ခေါ်ပွဲမှာ ကျွန်တော့်ရဲ့ အကောင်းဆုံးပုံစံကို မြင်တွေ့ရလိမ့် မယ်လို့ကတိပေးပါတယ်" ဟု ပြော ကြားခဲ့ကြောင်းသိရသည်။ AZL

# အာဂျင်တီးနားတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ စပိန်ကစားသမား အယ်ကာရက်ဇ် တက်ရောက်

**ဗျူနိုစ်အေရိစ် ဖေဖော်ဝါရီ ၁၈**

အာဂျင်တီးနားနိုင်ငံ ဗျူနိုစ် အေရိစ်မြို့တွင် ကျင်းပနေသည့် အာဂျင်တီးနား အိုးပင်းတင်းနစ် ပြိုင်ပွဲကွာတားဖိုင်နယ် ပွဲစဉ်တစ်ပွဲ အဖြစ် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ဆားဘီးယား တင်းနစ်ကစားသမား လာဂျိုဗစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ် က (၆-၄၊ ၆-၂) ရလဒ်ဖြင့် အနိုင် ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း RFI သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။

အယ်ကာရက်ဇ်သည် ဆားဘီးယား အဆင့် (၂) တင်းနစ်ကစားသမား လာဂျိုဗစ်ကို ပြတ်သားသည့် ရလဒ်များဖြင့် အနိုင်ရခဲ့သော်လည်း လာဂျိုဗစ်၏ တုံ့ပြန်မှုကြောင့် ပွဲကစားချိန်မှာ ၁ နာရီ ၃၃မိနစ်ထိ ကြာမြင့်ခဲ့သည်။

ဗျူနိုစ်အေရိစ်မြို့တွင် ရာသီ ဥတုပြောင်းလဲမှု မြန်ဆန်နေပြီး အယ်ကာရက်ဇ်တို့ပွဲစဉ်သည် အပူ ချိန် ၃၈ ဒသမ ၁ ဒီဂရီစင်တီ ဂရိတ်ရှိခဲ့သည့်အတွက် ပြိုင်ပွဲဝင် နှစ်ဦးစလုံး ပွဲပန်းခဲ့ကြသည်။

အယ်ကာရက်ဇ်က "ရာသီဥတု ပြောင်းလဲမှုက အရမ်းမြန်ဆန်နေတဲ့ အတွက် တော်တော်လေးပွဲပန်းနေ ပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ် တုန်းက အပူချိန်က ၇ ဒသမ ၉ ဒီဂရီစင်တီဂရိတ်ထိပဲ ရှိခဲ့တယ်။ မိုးတွေလဲရွာသွန်းခဲ့တယ်။ အရမ်း အေးတဲ့ရာသီဥတုနဲ့ ရင်ဆိုင်ခဲ့ပြီး ရက်ပိုင်းအတွင်း အပူချိန်အရမ်းမြင့် တက်ခဲ့တယ်။ အပူချိန်မြင့်မားတဲ့ အတွက်ကြောင့် ပွဲပန်းဒဏ်ခံစား နေရတယ်။ ရာသီဥတုပြောင်းလဲမှု မြန်ဆန်နေပေမဲ့လဲ ရာသီဥတုနဲ့ အသားကျအောင်တော့ ကြိုးစား နေထိုင်ရတယ်။ ကွာတားဖိုင်နယ် အဆင့်မှာ ကစားထားနိုင်တဲ့ လက်စွမ်းပိုင်းအပေါ် အားရကျေနပ် မှုရှိပါတယ်။ လာဂျိုဗစ်ဟာခက်ခဲတဲ့ ပြိုင်ဘက်ကောင်း တစ်ယောက်ပါ။ လာဂျိုဗစ်လို ကစားသမားကို ဒီလို ရလဒ်မျိုးနဲ့ အနိုင်ရလိမ့်မယ်လို့ ထင်မထားဘူး။ ဆီမီးဖိုင်နယ်အဆင့် ကျရင်တော့ ကွာတားဖိုင်နယ် အဆင့်မှာ ကစားထားနိုင်တဲ့ ပုံစံ ထက် ပိုကောင်းအောင် ကစားနိုင်ဖို့ ကြိုးစားသွားမယ်" ဟု ပြောကြား ခဲ့ကြောင်း သိရသည်။ AZL

# ဘာစီလိုနာအသင်းမှ ဖာတီကို ပရီးမီးယားလိဂ်ထိပ်တန်း သုံးသင်းက အပြိုင်ခေါ်ယူရန်ပြင်ဆင်

**ဘာစီလိုနာ ဖေဖော်ဝါရီ ၁၈**

ဘာစီလိုနာအသင်းတွင် ပုံမှန် ပွဲထွက်ခွင့်မရရှိဘဲ ရုန်းကန်နေရ သည့် လူငယ်ကစားသမား ဖာတီကို လာမည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ပရီးမီး ယားလိဂ် ထိပ်တန်းကလပ်အသင်း သုံးသင်းဖြစ်သည့် လီဗာပူးအသင်း၊ အာဆင်နယ်အသင်းနှင့် မန်ယူ အသင်းတို့က အပြိုင်ခေါ်ယူရန် ပြင်ဆင်လျက်ရှိနေကြောင်း Tele- graph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ သာရှိသေးသည့် ဖာတီသည် ၂၀၁၉ ခုနှစ်က ဘာစီ လိုနာအသင်းနှင့် ပရော်ဖက်ရှင်နယ် စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် ထိပ်တန်း အဆင့်ရှိ ခြေစွမ်းပြသနိုင်ခဲ့သော် လည်း ဒူးဒဏ်ရာကြောင့် တစ်ရာသီ ခန့်ထိ အနားယူခဲ့ရပြီးနောက်ပိုင်း တွင် ပွဲထွက်ခွင့်မရှိခဲ့ဘဲ လူစားဝင် ကစားသမားအဖြစ်သာ ပွဲထွက်ခွင့် ရရှိနေခြင်းဖြစ်သည်။

လက်ရှိတွင် ဖာတီနှင့်ဘာစီလိုနာ အသင်းတို့၏ စာချုပ်သက်တမ်းမှာ ၂၀၂၄ ခုနှစ်ထိ ကျန်ရှိသော် လည်း ကစားသမားကိုယ်တိုင်က ပွဲထွက်ခွင့် မရရှိသည့်အတွက် အသင်းမှ ထွက်ခွာလိုနေသကဲ့သို့ ဘာစီလိုနာအသင်းက အသင်း ဘဏ္ဍာရေးအကျပ်အတည်းများကို ဖြေရှင်းရန်အတွက် ဖာတီကို ထိုက်သင့်သည့် ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းမည်ဆိုပါက လက်ခံ သွားဖွယ်ရှိနေသည်။

လက်ရှိတွင် မန်ယူအသင်း၊ လီဗာပူးအသင်းနှင့် အာဆင်နယ် အသင်းတို့က နွေရာသီကစားသမား အပြောင်းအရွှေ့ကာလ မတိုင်မီ ကတည်းက ဖာတီ၏ အေးဂျင့် ဖြစ်သူ ဂျော့မန်ဒက်ထံအသီးသီး ဆက်သွယ်ပြီး ဆွေးနွေးမှုများပြုလုပ် နေသကဲ့သို့ ဂျော့မန်ဒက်ကလည်း ကစားသမားအနေဖြင့် ဘာစီလိုနာ အသင်းတွင် ပွဲထွက်ခွင့်မရရှိဘဲ မပျော်မရွှင် ဖြစ်နေသည့်အတွက် အသင်းမှ ထွက်ခွာရန် တိုက်တွန်း ထားကြောင်း သိရသည်။ STA

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၄) ရလဒ်

| | | | | |
|---|---|---|---|---|
| အေဗီလာ | ၂ | - | ၄ | အာဆင်နယ် |
| ဘရန့်ဖို့ဒ် | ၁ | - | ၁ | ပဲလေ့စ် |
| ဘရိုက်တန် | ၀ | - | ၁ | ဖူလ်ဟမ် |
| ချဲလ်ဆီး | ၀ | - | ၁ | ဆောက်သမ်တန် (ဝ၄ဝ) |

# အိပ်မက်ထဲကချင်းတောင် သို့မဟုတ် အောက်ချင်းငှက်တို့ နှလုံးသားနယ်မြေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ပန်းဥယျာဉ်ကြီးတစ်ခုဖြစ်ပါလျှင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း ဆိုသည့် တိုင်းရင်းသားများသည် ပန်းဥယျာဉ်ကြီးအတွင်း အလှဆင်နေသည့် ရောင်စုံပန်းလေးများပင်ဖြစ်သည်။ ထိုရောင်စုံပန်းလေးများသည် အမိနိုင်ငံကြီးအတွင်း သူနေရာသူ့အလှတို့ကိုယ်စီဖြင့် တိုင်းပြည်ကို အလှတန်ဆာဆင်နေကြပုံမှာ မြင်ရသူများအဖို့ အားရကြည်နူးစိတ်ချမ်းမြေ့ဖွယ်ကောင်းလှသည်။ တောင်ပေါ်မှာ ချယ်ရီ၊ မြေပြန့်မှာ ပိတောက်တို့နည်းတူ ချင်းပြည်နယ်မှ တောင်ဇလပ်ပန်းနီနီသည်လည်း အလှဂုဏ်တင့်သည့် ပန်းလေးပင်ဖြစ်ပါသည်။ ဖေဖော်ဝါရီ ၂၀ ရက်သည် ချင်းပြည်နယ်နေ့ဖြစ်သည်။ ချင်းပြည်နယ်သည် စာရေးသူနှလုံးအိမ်တွင် မှတ်မှတ်ထင်ထင်ရှိသော ပြည်နယ်တစ်ခုဆိုသော် မမှားပါပေ။ နိုင်ငံ့ဝန်ထမ်းဖြစ်သော စာရေးသူအနေဖြင့် ကချင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသကဲ့သို့ ရှမ်းပြည်နယ်တွင်လည်း တာဝန်ကျခဲ့ဖူးသည်။ ဦးဆုံးတာဝန်ကျသည့် နေရာသည် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်အစပ်မှ ကလေးမြို့ဖြစ်သည်။

ကလေးမြို့တွင် တာဝန်ထမ်းဆောင်ခဲ့ရသော်လည်း ချင်းပြည်နယ်သို့ တစ်ကြိမ်တည်းသာ ရောက်ခဲ့ဖူးသည်။ ၂၀၁၃ ခုနှစ် ဩဂုတ်လတွင်ဖြစ်သည်။ တာဝန်အရ သွားရောက်ခဲ့ရသောခရီးစဉ်သည် နှစ်ညအိပ်၊ သုံးရက်ဆိုသော်လည်း နေရောင်ခြည်မြင်ရခဲသည့် ရေခဲမှတ်အောက် ရာသီဥတုကြောင့် ရေမချိုးနိုင်ခဲ့သည်က အမှတ်တရဟုဆိုရမည်။ ပြည်နယ်၏ မြို့တော်ဖြစ်သည့် ဟားခါးမြို့တွင် အခြေပြုခဲ့သည်။ အသွားအပြန် ခရီးတစ်လျှောက်လုံး အတက်အဆင်း ကြမ်းကြမ်း ခရီးလမ်းများထက် ကားစီး၍ တစ်မျိုး လမ်းလျှောက်၍ တစ်ဖုံ ရင်သပ်လှိုက်မောစွာ သွားခဲ့ရသည်။ ဆရာလက်ာရည်ကျော်၏ "ကြိုးကြာတောင်ပံခတ်သံ" ကြောင့် ချင်းတောင်ကို ပိုမိုစိတ်ဝင်စားခဲ့မိရာမှ ရောက်ဖူးချင်စိတ်ရှိခဲ့သော စာရေးသူသည် လမ်းပန်းခက်ခဲမှုကိုမမှုအားဘဲ မြင်လေသမျှ တောတောင်ချိုင့်ဝှမ်း စိမ့်စမ်းအသွယ်သွယ်ကိုသာ အာရုံရောက်နေမိသည်။ ချင်းတောင်တန်းကြီးထက် ချင်းပြည်နယ်အကြောင်း စပ်ဆိုထားသည့် တေးသီချင်းများကိုနားဆင်ရသည်မှာလည်း လွမ်းမောဖွယ်ရာကောင်းလှပါသည်။ စာရေးသူသည် ချင်းပြည်နယ်နှင့်ပတ်သက်၍ အောက်ချင်းငှက်နှင့်တောင်ဇလပ်ကို စိတ်ဝင်စားသလို ချင်းပြည်နယ်အကြောင်းဖွဲ့ဆိုသည့် တေးသီချင်းများ၊ ချင်းပြည်နယ်နောက်ခံ ရုပ်ရှင်ဇာတ်ကားများကိုလည်း နှစ်သက်မိသည်။ ယနေ့တိုင် စာရေးသူ အနှစ်သက်ဆုံး အမျိုးသမီးအဆိုတော် တစ်ဦးဖြစ်သည့် ဆုန်သင်းပါရ်သည်လည်း ချင်းတိုင်းရင်းသူ တစ်ဦးဖြစ်နေပြန်သည်။ အနီးစပ်ဆုံး စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် တေးသီချင်းသီဆိုပြိုင်ပွဲတွင် ချင်းပြည်နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အမျိုးသမီးငယ်သည် ဆုကြီးမရခဲ့သော်ငြား စာရေးသူအပါအဝင် ပရိသတ်အများစု၏ နှစ်သက်အားပေးမှုကို ရရှိခဲ့လေသည်။ ထို့ပြင် ယနေ့စာပေနယ်တွင် အောင်မြင်မှုများရရှိနေသည့် စာရေးဆရာတချို့သည်လည်း ချင်းတောင်မြေမှ ကလောင်ရှင်များ ဖြစ်နေကြသည်ကို တွေ့ရသည်။ ဆိုရပါက ချင်းပြည်နယ်သည် သမိုင်းနောက်ခံ ရေခံမြေခံကောင်းသည့် ပြည်နယ်တစ်ခုဖြစ်ရုံမျှမက အဖိုးတန် လူသားအရင်းအမြစ်များ မွေးဖွားရာဒေသတစ်ခုလည်းဖြစ်သည်။

တိုင်းရင်းသားလူမျိုးအသီးသီးတွင် မိမိတို့ အလေးထားရာ အမျိုးသားရေးသင်္ကေတများရှိကြရာ ချင်းတိုင်းရင်းသားတို့မှာ အောက်ချင်းငှက်ကို အမျိုးသားရေးသင်္ကေတအဖြစ် အထွတ်အမြတ်ထားကြသည်။ အောက်ချင်းငှက်ကို သစ္စာရှိသောငှက်အဖြစ် တန်ဖိုးထားပြီး အမြတ်တနိုးထားကြသည်။ ချင်းတိုင်းရင်းသားတို့ အောက်ချင်းငှက်ကို အလေးအမြတ်ထားလည်း ထားချင်စရာ ကောင်းလှပါသည်။ အောက်ချင်းငှက်မ ဥ ဥတော့မည်ဆိုပါက စောင့်ရှောက်သည့် ငှက်ဖို၏ အပြုအမူမှာ လေးစားဖွယ်ကောင်းလှသည်။ ငှက်မ ဥ ဥတော့မည့်အချိန်တွင် ငှက်အဖိုက သူကိုယ်တိုင် ရွေးချယ်ထားသည့် သစ်ခေါင်းပေါက်အတွင်းသို့ ငှက်မကို ဝင်စေသည်။ သုံးလေးရက်အတွင်း ငှက်မသည် မိမိ၏ကျင်ကြီးဖြင့် သရိုးကိုင်သကဲ့သို့ ဝင်ပေါက်ကို စတင်ပိတ်သည်။ ငှက်အဖိုကလည်း အပြင်ဘက်မှနေ၍ ငှက်မကိုအစာခွံ့ရန် အပေါက်ငယ်လေးတစ်ခုသာချန်ပြီး ရွှံ့ဖြင့် မိမိနှုတ်သီးကို ပန်းရန် ဆရာများသုံးသည့် သံလက်ပမာသုံးကာ ဝင်ပေါက်ကို ကူပိတ်ပေးသည်။ ငှက်မသည် တစ်ကြိမ်ဥလျှင် နှစ်လုံးမှ လေးလုံးထိဥတတ်ပြီး ငှက်မအသိုက်မှထွက်သည်ထိ ငှက်အဖိုက အစာကျွေးသည်။ ငှက်ကလေးများ ပေါက်၍ နှစ်ပတ်မျှကြာသည့်အခါ ငှက်မသည် သရိုးကိုင်ထားသော ဝင်ပေါက်ကိုထိုးဖောက်၍ ထွက်သည်။ ပေါက်လာသော ငှက်လေးများကို ငှက်အဖိုနှင့်အမတို့က အလှည့်ကျအစာရှာကျွေးကြသည်။ အောက်ချင်းငှက်သည် အခြားအောက်ချင်းငှက်တစ်ဒါဇင်ခန့်နှင့်အတူ အုပ်စုဖွဲ့နေတတ်ပြီး ကိုယ့်ရပ်ဌာနေကို ချစ်ခင်တတ်သူများလည်းဖြစ်ကြသည်ကို တွေ့ရသည်။ အောက်ချင်းငှက်၏ ကတိသစ္စာ တည်ကြည်မှုနှင့် ကိုယ့်ရပ်ဇာတိကို ချစ်မြတ်နိုးမှုကြောင့် ချင်းတိုင်းရင်းသားများက မိမိတို့၏အထွတ်အမြတ်ထားရာ သင်္ကေတအဖြစ် ရွေးချယ်ကြခြင်းဖြစ်သည်။

အောက်ချင်းငှက်တို့ သစ္စာတရားကြီးမားပြီး အမျိုးကိုချစ်ကြသကဲ့သို့ အမိနိုင်ငံတော် သူ့ကျွန်ဘဝကျရောက်စဉ် နယ်ချဲ့ကို ရဲရဲတောက်ဆန့်ကျင်တွန်းလှန်ခဲ့ကြသည့် သမိုင်းထဲမှ ဗိုလ်ကြွမ်ဘိခ်၊ ဗိုလ်ခိုင်ကမ်းနှင့် အခြားသောချင်းတိုင်းရင်းသားများအပြင် အောင်ဆန်းသူရိယတိုက်ချွန်း၏ အမျိုးချစ်စိတ်များကလည်း မော်ကွန်းတင်စရာများအဖြစ် ယနေ့ထက်တိုင် တင်ရှိနေဆဲဖြစ်သည်။ နယ်ချဲ့ဖက်ဆစ်များကို ချင်းတောင်တန်းမှ ခုခံတွန်းလှန်ခဲ့ကြသည့် ချင်းတိုင်းရင်းသားသူရဲကောင်းများစွာ ပေါ်ထွက်ခဲ့ပြီး ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကာကွယ်ရေးအစုအဖွဲ့များ စုစည်းကာ လက်နက်စွဲကိုင် တိုက်ပွဲဝင်ခဲ့ကြသည်။ လွတ်လပ်ရေးဆုံးရှုံးပြီးစအချိန်တွင် မြန်မာပြည် အနှံ့အပြား တိုင်းရင်းသားတို့၏ ခုခံတွန်းလှန်မှုများကြောင့် ဗြိတိသျှတို့ အခက်တွေ့ခဲ့ရသည်။ နယ်ချဲ့တို့အနေဖြင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ပြားစေရန် သွေးခွဲမှုများဆက်လက်ဆောင်ရွက်ခဲ့ကြသည်။ ချင်းတောင်ကို တိုက်ခိုက်ခြင်းမပြုစေလိုလျှင် ရွှေချိုးဖြူမင်းသားကို ဖမ်းဆီးအပ်နှံရမည်ဟူသော ဗြိတိသျှတို့၏ ကမ်းလှမ်းချက်ကို ချင်းအမျိုးသားများက ပယ်ချပြီး တိုင်းရင်းသားသွေးစည်းမှုကို ပြသခဲ့ကြသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် ပေါ်ပေါက်လာချိန်တွင် ဦးဝမ်းသူးမောင် ဦးဆောင်သော တော်လှန်ရေးအင်အားစုသည် အဆက်အသွယ်ပြုလုပ်ခဲ့ပြီး ချင်းအမျိုးသား ဦးရေ ၃၇၀ ကို ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ သွင်းခဲ့သည်။ ဦးဝမ်းသူးမောင် ခေါင်းဆောင်သော ချင်းအမျိုးသားများသည် တိုင်း ၇ ဗိုလ်မှူးအောင်၏ တပ်များနှင့် အဆက်အသွယ်ယူကာ ဖက်ဆစ်ဆန့်ကျင်ရေးတွင် တက်တက်ကြွကြွ ပါဝင်ဆင်နွှဲခဲ့ကြပြီး ချင်းတိုင်းရင်းသားတို့၏ သွေးနှင့်သတ္တိကို ဖော်ထုတ်နိုင်ခဲ့ကြသည်။ သမိုင်းဝင် ပင်လုံစာချုပ် ချုပ်ဆိုရာတွင်လည်း ဖလမ်း၊ တီးတိန်၊ ဟားခါးမှ ကိုယ်စားလှယ်များ တက်ရောက်လက်မှတ်ထိုးနိုင်ခဲ့ပြီး ချင်းတိုင်းရင်းသားများကိုယ်စား ပြည်ထောင်စုစိတ်ဓာတ်ကို ပြသနိုင်ခဲ့ကြသည်။ ၁၉၄၇ ခုနှစ် မတ်လတွင် ထီးလင်းမြို့၌ ချင်း-မြန်မာ ချစ်ကြည်ရေးညီလာခံကြီးကို ကျင်းပနိုင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဒီးဒုတ်ဦးဘချို့တို့ တက်ရောက်ခဲ့ကြပြီး ချင်းအမျိုးသားများဘက်မှ ဦးဝမ်းသူးမောင် ဦးဆောင်သည့် ချင်းအမျိုးသား တစ်သောင်းကျော်တို့ တက်ရောက်ကာ ချင်း-မြန်မာချစ်ကြည်ရေး ခိုင်မာခွေးထွေးမှုကို ပြသနိုင်ခဲ့သည်။ ဗြိတိသျှနယ်ချဲ့တို့ မည်မျှပင်သွေးကွဲစေကာမူ ချင်း-မြန်မာ အမျိုးသားတို့ ဥမကွဲ သိုက်မပျက် စိတ်ဝမ်းမကွဲဘဲ စည်းလုံးပူးပေါင်းကြမည်ဟူသည့် အဓိကအချက်ကြီးများကို သန္နိဋ္ဌာန်ပြုခဲ့ကြသည်။

> ❖ အောက်ချင်းငှက်မ ဥ ဥတော့မည်ဆိုပါက စောင့်ရှောက်သည့် ငှက်ဖို၏အပြုအမူမှာ လေးစားဖွယ်ကောင်းလှသည်။ ငှက်မ ဥ ဥတော့မည့်အချိန်တွင် ငှက်အဖိုက သူကိုယ်တိုင်ရွေးချယ်ထားသည့် သစ်ခေါင်းပေါက်အတွင်းသို့ ငှက်မကိုဝင်စေသည်။ သုံးလေးရက်အတွင်း ငှက်မသည် မိမိ၏ကျင်ကြီးဖြင့် သရိုးကိုင်သကဲ့သို့ ဝင်ပေါက်ကိုစတင်ပိတ်သည်။ ငှက်အဖိုကလည်း အပြင်ဘက်မှနေ၍ ငှက်မကိုအစာခွံ့ရန် အပေါက်ငယ်လေးတစ်ခုသာချန်ပြီး ရွှံ့ဖြင့်မိမိနှုတ်သီးကို ပန်းရန်ဆရာများသုံးသည့် သံလက်ပမာသုံးကာ ဝင်ပေါက်ကိုကူပိတ်ပေးသည်။ ငှက်မသည် တစ်ကြိမ်ဥလျှင် နှစ်လုံးမှ လေးလုံးထိဥတတ်ပြီး ငှက်မအသိုက်မှထွက်သည်ထိ ငှက်အဖိုက အစာကျွေးသည်။ ❖

စာရေးသူတို့၏ အမိနိုင်ငံတော်ကြီးသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကိုယ်ပိုင်အချုပ်အခြာအာဏာနှင့်လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့သည်။ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖလမ်းမြို့၌ ကျင်းပသည့်လူထုညီလာခံက ပဒေသရာဇ် အုပ်ချုပ်ရေးစနစ်ဟောင်းကို ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဖြင့်အစားထိုးရန် တစ်ခဲနက်ဆုံးဖြတ်ခဲ့ကြသည်။

ထိုသို့ ညီလာခံကျင်းပပြီး ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ဟောင်းကို ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဖြင့် အစားထိုးရန်ဆုံးဖြတ်ခဲ့သည့် ဖေဖော်ဝါရီ ၂၀ ရက်ကို ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ ယခုဆိုလျှင် ၆၅ နှစ် တိုင်ခဲ့ပြီဖြစ်သည်။

သဘာဝတရားကြီးမှ ဖန်ဆင်းပေးထားသည့် မြစ်ချောင်းအင်းအိုင်များ၊ စိမ်းညို့အုံ့မှိုင်းပြီး ထင်ရှားလှပသည့် တောင်တန်းကြီးများနှင့် ရှားပါးသားရဲမျိုးစိတ်များ၊ ဆေးဖက်ဝင်နွယ်မြက်သစ်ပင်များသည် ချင်းပြည်နယ်အတွက် အဖိုးတန်ရတနာများဖြစ်သည့် အားလျော်စွာ မတူကွဲပြားမှုများနှင့် စိတ်ဝင်စားဖွယ်ကောင်းလှသည့် ချင်းတိုင်းရင်းသားအသီးသီး၏ ရိုးရာယဉ်ကျေးမှုများကလည်း တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို အံ့သြဖွယ်ကောင်းလှသည်။ မည်သို့ပင် မတူညီမှုများရှိစေ အားလုံးသည် မြန်မာတည်းဟူသော သွေးချင်းညီနောင်စိတ်ဖြင့် အမိပန်းဥယျာဉ်ကြီးအတွင်း အလှပဆုံး ဝေဆာပွင့်လန်းနိုင်အောင် ကြိုးစားသွားရမည်ဖြစ်သည်။ ယခင်က သွားလာရေးခက်ခဲခဲ့သည့် ချင်းပြည်နယ်ခရီးစဉ်သည် ယနေ့ကာလတွင် ဟိုစဉ်ကလို မဟုတ်တော့ဘဲ အဆင်ပြေချောမွေ့လျက်ရှိသည်ကို မြင်တွေ့ရသည်မှာ ဝမ်းမြောက်ဖွယ်ကောင်းလှသည်။ လမ်း၊ တံတားများ အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများအပြင် ဖလမ်းမြို့တွင် တည်ဆောက်ပြီးစီးခဲ့သည့် လေဆိပ်ကြီးကြောင့်လည်း ချင်းပြည်နယ်၏ လူမှုစီးပွားများ ပိုမိုဖွံ့ဖြိုးလာတော့မည်မှာ မလွဲကေန်ပင်ဖြစ်သည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလမှအစပြု၍ ယနေ့တိုင် ချင်းတိုင်းရင်းသားတို့သည် မတူကွဲပြားသည့် နယ်ပယ်မှ မတူကွဲပြားသည့် ပုံစံမျိုးစုံဖြင့် အောက်ချင်းငှက်တို့ နှလုံးသား တောင်ဇလပ်ပန်းတို့၏ သစ္စာတရားကဲ့သို့ အမိနိုင်ငံတော်ကို အကျိုးပြုခဲ့ကြသည့် တိုင်းရင်းသားများပင်ဖြစ်သည်။ (၆၅) နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် မိမိတို့၏ရိုးရာယဉ်ကျေးမှုစာပေနှင့် သူရသတ္တိ အမွေကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းလျက် အမိမြန်မာနိုင်ငံတည်းဟူသော ပန်းဥယျာဉ်ကြီးထဲ ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် အလှကိုယ်စီဆက်လက်ပုံဖော်သွားလိမ့်မည်ဟု စာရေးသူအနေဖြင့် ယုံကြည်မိသည်။ အခွင့်အခါပေးသည့် တစ်နေ့မှာတော့ စာရေးသူအိပ်မက်ထဲက ချင်းတောင် သို့မဟုတ် အောက်ချင်းငှက်တို့နှလုံးသားရှိရာနှင့် တောင်ဇလပ်ပန်းနီနီတို့ ပွင့်လန်းရာဒေသသို့ အလည်တစ်ခေါက်ပြန်ရောက်ချင်ပါကြောင်း ဆန္ဒပြုရင်း (၆၅) နှစ်မြောက် စိန်ရတုချင်းအမျိုးသားနေ့ကို ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။

**ကိုးကား**

– **(၁) မြတ်နိုးစရာ တို့တိုင်းရင်းသား အမှတ်သင်္ကေတများ(မြန်မာ့အသံသိန်းဟန်)**

**(၂) တိုင်းရင်းသားလူမျိုးများ၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း**

**နွေကုံကော်(မြို့လှ)**

# ဒဂုံမြို့နယ် Queen Shin Saw Pu ပန်းချီပြခန်း၌ Premium Art for Collection အွန်လိုင်းပန်းချီပြပွဲ ပြသမည်



**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ Queen Shin Saw Pu ပန်းချီပြခန်းတွင် Premium Art for Collection အွန်လိုင်းပန်းချီပြပွဲကို ဖေဖော်ဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၂၄ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ မသဇင်ကျော့ရှင်းက ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် အထင်ကရ ပန်းချီဆရာကြီးများဖြစ်ကြသည့် ပန်းချီ ဝင်းဖေ၊ ပန်းချီ ခင်မောင်ရင်၊ ပန်းချီ မောင်မောင်သိုက်၊ ပန်းချီ တင်အောင်ထိုက်၊ ပန်းချီ ဝင်းဖေမြင့်၊ ပန်းချီ မာလာ၊ ပန်းချီ တင်ဆွေ၊ ပန်းချီ ငြိမ်းချမ်းစု၊ ပန်းချီ ဝသုန်၊ ပန်းချီ မှတ်သုန်တို့၏ ခဲခြစ်၊ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် လက်ရာစုံပန်းချီကား ၃၀ ကို စုစည်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီတစ်ခါတော့ ပန်းချီလောကမှာသာ ထင်ရှားကျော်ကြား လူသိများတဲ့ ပန်းချီဆရာကြီးတွေရဲ့ ရှားပါးပန်းချီကားတွေကို စုစည်းပြသပေးမှာဖြစ်ပါတယ်။ ဒါက ဒုတိယအကြိမ် စုစည်းပြသပေးတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်ကလဲ ကွယ်လွန်ထင်ရှား ပန်းချီဆရာကြီး ၁၀ ယောက်ရဲ့ ပန်းချီကားတွေကို စုစည်းပြသပေးခဲ့ပြီးပါပြီ။ အခု တစ်ကြိမ်လဲ ပန်းချီလောကမှာ ထင်ရှားသူတွေရဲ့ ပန်းချီကားတွေကို ထပ်မံစုစည်းပြသပေးမှာဖြစ်ပါတယ်"ဟု မသဇင်ကျော့ရှင်းက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားစုံ ပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းမှာ ငွေကျပ် ၂၅ သိန်းမှ ငွေကျပ်သိန်း ၇၀ ထိရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ ASH

# Amateur ဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းဟားဝက် ရိုက်ကူးမည်

**နယူးယောက် ဖေဖော်ဝါရီ ၁၈**

၂၀ ရာစုရုပ်ရှင်ကုမ္ပဏီ၏ Amateur အမည်ရှိ ဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းဟားဝက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း Mov-ieweb သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၇ ရက်တွင် ရေးသားတင်ပြထားသည်။

Amateur ဇာတ်ကားသည် အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုအတွင်း ဇနီးဖြစ်သူသေဆုံးခဲ့ရပြီးနောက် အကြမ်းဖက်သမားများကို ကိုယ်တိုင်အပြစ်ပေးရန် ကြိုးစားခဲ့သော စီအိုင်အေစကားဝှက်ဖော်ပညာရှင်တစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ရာဂီးမာလက်က စီအိုင်အေစကားဝှက်ဖော်ပညာရှင်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Amateur ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂါရီစပင်နယ်လီက ရေးသားပေးထားကြောင်း သိရသည်။

ဒါရိုက်တာ ဂျိမ်းဟားဝက်သည် Apple TV ၏ နာမည်ကျော် Slow Horses ဇာတ်လမ်းတွဲကို ရိုက်ကူးပေးခဲ့သူဖြစ်သည်။

လက်ရှိတွင် Amateur ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်ကို ၂၀ ရာစုရုပ်ရှင်စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ရင်းတိုက်သားဖြင့်ထုလုပ်ထားသည့် ဗျိုင်းမောင်နှံပန်းပုရုပ်များ ဝင်ရောက်လာ

**ပဲခူး ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ရင်းတိုက်သားဖြင့် ထုလုပ်ထားသည့် ဗျိုင်းမောင်နှံပန်းပုရုပ်များ ဝင်ရောက်လာကြောင်း ပဲခူးမြို့နယ်ရှိ ရွှေမော်ဓောစေတီအနီး သီရိရတနာအောင် အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်သီရိရတနာအောင်က ပြောပြ၍ သိရသည်။

အဆိုပါ ဗျိုင်းမောင်နှံပန်းပုရုပ်များမှာ အမြင့် ခြောက်လက်မအရွယ်အစား နှစ်ရုပ်တစ်စုံဖြစ်ရာ အရောင်တင်ထားပြီးဖြစ်ကာ အစုံလိုက်ရောင်းချပေးမည်ဖြစ်ပြီး တစ်ကောင်ချင်းလည်း ဝယ်ယူနိုင်ရန် ထုလုပ်ထားကြောင်း၊ ဗျိုင်းမောင်နှံပန်းပုရုပ်မှာ တစ်စုံလျှင် ငွေကျပ် ၃၀၀၀၀ ဖြစ်ကာ တစ်ရုပ်ချင်းဝယ်ယူပါက တစ်ရုပ်လျှင် ငွေကျပ် ၁၇၀၀၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။



"အခု ဈေးကွက်ထဲကို ဝင်လာတာကတော့ ရင်းတိုက်သားနဲ့ ထုလုပ်ထားပြီးတော့ ကျွန်းနက်ရောင်ကာလာတင်ထားတဲ့ ဗျိုင်းမောင်နှံပန်းပုရုပ်တွေဖြစ်ပါတယ်။ ထုလုပ်တာကတော့ ကျွန်မတို့ ပဲခူးမဇင်းစက်မှုလက်မှုရပ်ကွက်က ပန်းပုအိမ်တွေက ထုလုပ်ပြီး ဈေးကွက်ထဲ ဝင်လာတာဖြစ်ပါတယ်"ဟု ဒေါ်သီရိရတနာအောင်က ပြောပြသည်။

လက်ရှိ ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဗျိုင်းမောင်နှံပန်းပုရုပ်များမှာ ဖေဖော်ဝါရီလ တတိယပတ်က စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး အရေအတွက် အစုံ ၁၀၀ ခန့် ဝင်ရောက်ထားကာ ရောင်းချရမှုမှာ အရေအတွက် ၅၀ ခန့်ဖြစ်ကြောင်း သိရသည်။ ASH

# Red One ဟာသဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများ ပြီးဆုံးပြီဖြစ်

**နယူးယောက် ဖေဖော်ဝါရီ ၁၈**

Amazon ရုပ်ရှင်စတူဒီယို၏ Red One အမည်ရှိ ဟာသအက်ရှင်ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများ ပြီးဆုံးပြီဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၁၇ ရက်တွင် ရေးသားတင်ပြထားသည်။

Red One ဇာတ်ကားရိုက်ကူးရေးလုပ်ငန်း အဆုံးသတ်မှုကို အဆိုပါဇာတ်ကား၏ အဓိကဇာတ်ကောင်တစ်ဦးဖြစ်သည့် ကမ္ဘာကျော်အက်ရှင်မင်းသား ဒွေးဂွန်ဆင်က အင်စတာဂရမ်စာမျက်နှာ၌ အတည်ပြုထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဒွေးဂွန်ဆင်နှင့်အတူ မင်းသား ခရစ်အီဗန်နှင့် ဂျေကေဆင်မ်မ်တို့လည်း ပါဝင်သရုပ်ဆောင်ထားသည်။

Red One ဇာတ်ကားကို ဒါရိုက်တာ ဂျိတ်ကက်ဒန်က တာဝန်ယူရိုက်ကူးပေးခဲ့ခြင်းဖြစ်သည်။

ဒွေးဂွန်ဆင်နှင့် ဒါရိုက်တာ ဂျိတ်ကက်ဒန်တို့သည် Jumanji: Welcome to the Jungle နှင့် Jumanji: Next Level ဇာတ်ကားတို့၌ ပူးပေါင်းဆောင်ရွက်ခဲ့ဖူးသူများဖြစ်သည်။

Red One ဇာတ်ကားကို ယခုနှစ်ကုန်ပိုင်းတွင် ရုံတင်ပြသနိုင်ဖွယ်ရှိကြောင်း သိရသည်။ KKO




# ပုလင်းကွဲ ရုပ်ရှင်ဇာတ်ကားကို ဧပြီလတွင် ရိုက်ကူးသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

Iron Steel ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပုလင်းကွဲအမည်ရှိ မြန်မာရုပ်ရှင်ဇာတ်ကားကို ဧပြီလတွင် ရိုက်ကူးသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ စတီး (ဒွေးမေတ္တာ)က ပြောပြ၍ သိရသည်။

ပုလင်းကွဲ ရုပ်ရှင်ဇာတ်ကားသည် လက်ရှိ အွန်လိုင်းမှ Live Sale ရောင်းချမှုများ၏ နောက်ကွယ်မှ ဖြစ်ရပ်မှန်ဇာတ်လမ်းကို အများပြည်သူများ သိရှိနိုင်ရန် ဇာတ်လမ်းအဖြစ် ရိုက်ကူးတင်ဆက်သွားမည်ဖြစ်ကြောင်း၊ အိန္ဒြာဦး၏ ဖြစ်ရပ်မှန်ဇာတ်လမ်းကို မောင်မြတ်ဆွေက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ စတီး (ဒွေးမေတ္တာ)က ရိုက်ကူးပုံဖော်မည်ဖြစ်ပြီး လက်ထောက်ဒါရိုက်တာများအဖြစ် ဟိန်းထက်စိုးနှင့် သားငယ်တို့က ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းက ကနေ့ အွန်လိုင်းပေါ်ကနေ ပစ္စည်းပေါင်းစုံကို Live Sale ဆိုပြီး ရောင်းချနေတဲ့ လောကတစ်ခုရဲ့ နောက်ကွယ်က ဖြစ်ရပ်မှန်ဇာတ်လမ်းပါ။ ဒီဇာတ်ကားထွက်လာရင်တော့ အဲဒီလောကကြီးတစ်ခုလုံး မှောက်သွားလောက်တဲ့ ဖြစ်ရပ်မှန်တစ်ခုကို နစ်နာသူတွေဘက်ကနေပြီးတော့ ပရိသတ်အတွက် တင်ပြပေးမဲ့ ဇာတ်ကားဖြစ်ပါတယ်။ သရုပ်ဆောင်တွေကတော့ မကြာခင် လျှောက်လွှာခေါ်ယူဖို့ ရှိပါတယ်။ ရိုက်တာတော့ ဧပြီလလောက်စရိုက်ဖြစ်လိမ့်မယ်"ဟု ဒါရိုက်တာ စတီး(ဒွေးမေတ္တာ)က ပြောပြသည်။

ပုလင်းကွဲ ရုပ်ရှင်ဇာတ်ကားသည် အွန်လိုင်းမှ Live Sale ရောင်းချသည့် တန်ဖိုးကြီးပစ္စည်းများကို ရောင်းချပေးနေသည့် အနုပညာရှင်များကို ယုံကြည်မှုဖြင့် ဝယ်ယူမိသူများ၏ နစ်နာမှု၊ ဆုံးရှုံးမှုများကို ပရိသတ်များ သိရှိသင်ခန်းစာယူနိုင်စေရန် ရိုက်ကူးရခြင်းဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။ ASH

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win attends reception to mark 75th Anniversary Myanmar-Russia Diplomatic relations





Vice-Senior General Soe Win watches entertainment programme at the reception to mark 75th Anniversary Myanmar-Russia Diplomatic relations.

**Nay Pyi Taw February 18**

Reception to mark the 75th Anniversary (Diamond Jubilee) of Myanmar-Russia Diplomatic Relations was held at Hilton Hotel in Nay Pyi Taw this evening, attended by Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were the SAC Joint Secretary, SAC members, the Constitutional Tribunal chairman, Union ministers, the Nay Pyi Taw Council chairman, senior military officers, deputy ministers, ambassadors, diplomats, heads of department, officials and distinguished guests.

The ceremony was opened with the national anthems of Myanmar and Russia. Ambassador of Russia to Myanmar H.E. Dr. Nikolay LISTOPADOV extended greetings.

In his address delivered in honour of the occasion, the Vice-Senior General said Myanmar and Russia established diplomatic relations on 18 February 1948. The relations between Myanmar and Russia are further strengthening as the two countries have maintained and valued their closer friendship. Myanmar values Russia's constant support for it in international affairs during the time.

The Russian-built facilities including Sao San Tun Hospital opened in 1961 in Taunggyi, Shan State, Yangon Technological University opened in 1961, Inya Lake Hotel opened in Yangon in 1962, and Kyetmaungtaung Dam opened in 1967 always stand as symbols of the two country's good relations in the early periods.

Since the mid period from 1980 to 1990, and till now, new generation Myanmar youths, who own the future, have been sent to Russia to be imbued more with intellectual and technological knowledge and to further promote the defence power of the country. Since the SAC assumed State duties in 2021, both countries have been witnessing significant progress in their bilateral relations. It is an honour to declare that nowadays, Myanmar-Russia relations and cooperation have reached their highest point thanks to the vision of leaders and joint efforts of both countries.



Dignitaries seen at the reception to mark 75th Anniversary Myanmar-Russia Diplomatic relations.

Well operating cooperation mechanisms have further enhanced trust and understanding in the existing friendship and extended the scope of people-to-people cooperation.

He expressed belief that new areas and prospects for future cooperation that will produce extra benefits for both countries still remain. He said Myanmar is preparing to open consulates general in Saint Petersburg and Novosibirsk soon to realize the prospects. He expressed belief that the new consulates general will become a reliable support to send bilateral friendship and cooperation to a new level.

At the time when the two countries are striving to open a new chapter in bilateral relations, the 75th anniversary serves as an opportunity to honour the existing special friendship and partnership between Myanmar and Russia. In addition to remembering the 75th anniversary diplomatic relations, it is a time to make further pledges to extend the existing bilateral friendship and cooperation. He then lauded the governments and peoples of the two countries for their 75 years of successful journey.

The Vice-Senior General prayed for the perpetuation and strengthening of P2P friendship, the continued development and prosperity of Russia and Russians and the health and happiness of the leaders and friends of the two countries.

Afterwards, the Vice-Senior General and the Russian ambassador cut the 75th anniversary commemorative cake and posed for a documentary photo together with attendees.

The Vice-Senior General and the ambassador watched the entertainment programs of Russian dance troupes and presented flower baskets to them. They then enjoyed the dinner together with the attendees. 100



Dignitaries attend the reception to mark 75th Anniversary Myanmar-Russia Diplomatic relations.

# Training courses on search and rescue tasks after earthquake to be conducted in two districts of Mandalay



Search and rescue training in progress.

**Mandalay February 18**

Training courses on search and rescue over danger of earthquake will be conducted in Mandalay Region, said U Zaw Win Tun, director of Mandalay Region Fire Services Department.

Earthquake is one of natural disasters, so search and rescue courses are being planned in NyaungU and Yamethin districts this year to prevent loss of life and property after a quake.

A course will start in NyaungU District on 23 February for 50 trainees.

"Such search and rescue tasks cannot be carried out by fire services alone. They need participation of volunteers and aid and charity organizations. We will give training on search and rescue work after a quake. The aim is to minimize loss and damage in the aftermath of a quake. We are preparing equipment and theoretical and practical training. Training will be given in districts in the region," U Zaw Win Tun explained.

He stressed the need for constant preparedness as earthquakes are unpredictable.

Similar courses have been conducted in the districts of Meiktila, Aungmyaythazan, Kyaukse and PyinOoLwin in 2022. This year, training will be given in NyaungU and Yamethin districts. 185

# Number of vessels on the rise to transport clothes, furniture, personal goods from Bhamo to Mandalay

**Mandalay February 18**

Number of vessels transporting clothes, furniture and personal goods from Bhamo to Mayanchan port of Mandalay is on the rise, said U Win Maung, Chair of Mandalay Region Private Vessel Disciplinary Enforcement Committee.

Along the route from Bhamo to Mayanchan port in Mandalay handles freight of foodstuffs, clothes and personal goods, most of which are clothes, furniture and personal goods.

"Now, Ayeyawady River is high level of water which contributes to smooth transport of commodities and personnel. The vessels carry furniture such as chairs, cupboards, personal goods and clothes from Bhamo to Mayanchan port of Mandalay," said U Win Maung.

There were more than 50 vessels running along the route of Ayeyawady River to transport clothes, personal goods and furniture from Bhamo to Mayanchan in the first week of February, compared to more than 90 villages as from the second week of February.

Likewise, number of cargo vessels reaches more than 300 vessels along the route from Mandalay to Yangon, Monywa, Sagaing, Katha, Htigyaing and Bhamo. 184

# Red and white pigeon pea bounce back high prices in the Mandalay market

**Mandalay February 18**

Trading of red and white pigeon peas is booming in Mandalay market, getting high prices, said U Set Maung Swe, secretary of Mandalay Brokers and Millers Maha Katheindaw Association (Mandalay brokerage).

In the past, red and white pigeon peas trading were dull due to low demand in the market. Now, these peas are in the high demand fetching good prices.

"White and red pigeon peas were low trading last week, without fetching good prices in the Mandalay market. Now, these peas get goods prices with high demand from the foreign markets," said the secretary.

In the Mandalay market, white pigeon pea was traded at K172,000 per three-basket bag on 6 February, compared to K182,000 per three-basket bag on 13 February.

Likewise, red pigeon pea fetched K180,000 per three-basket bag on 6 February in comparison with K190,000 per bag on 13 February.

In the domestic market on 13 February, white sesame fetched K325,000 per bag, brown sesame K255,000 and black sesame K310,000. 184

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 11,000 tons of eel exported to earn US$41.91 million till end of January 2023



Eels being raised for export.

**Nay Pyi Taw February 18**

Myanmar exported 11,636.424 tons of eel to foreign market from April 2022 to end of January 2023 in the 2022-23 fiscal year, and it earned US$41.91 million, said CEC member U Tin Thein of Myanmar Fisheries Federation (Yangon Region).

Myanmar sends eel to Thailand and China on border land and other marine products to more than 40 countries in shipping and aviation services.

"During the period, 430,000 tons of marine products were sold out to earn US$594.87 million. Of them, export of eel pocketed US$41.91 million for 11,636.424 tons," said U Tin Thein.


In this regard, export volume of marine products through shipping increased by 35 per cent rather than that of land border.

Marine products are sent to Japan, Middle East countries, European Union countries, Malaysia, China Taipei and Australia. To do so, the Myanmar Fisheries Federation and the Fisheries Department are closely cooperating in increase of marine product exportation.

The Fisheries Department and exporter cooperate in export of marine products meeting the demand of each country. Moreover, they are striving for meeting the set export volume in supplying the products to the countries, especially China which strictly check the virus of Covid-19. ASH

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## IAI နှင့် MBDA တို့က ဂျာမနီကို လေကြောင်းရန်ကာကွယ်ရေး၊ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များရောင်းချရန် ပူးတွဲကမ်းလှမ်း



အစ္စရေးနိုင်ငံ လေကြောင်းအာကာသ လုပ်ငန်း(IAI)နှင့်MBDA (Germany) တို့သည် ဂျာမနီစစ်ဘက်ကို လေကြောင်းရန် ကာကွယ်ရေးနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များကိုရောင်းချရန် ပူးတွဲကမ်းလှမ်းခဲ့သည်။

အဆိုပါ ရောင်းချမည့်စနစ်များသည် IAI ကုမ္ပဏီခွဲ Elta Systems ၏ Scorpius အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်အပေါ် အခြေခံထားခြင်းဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံကုမ္ပဏီများသည် Scorpius-G ကို အခြေခံ၍ မြေပြင်အခြေစိုက် အီလက်ထရွန်နစ် စစ်ဆင်မှုဆိုင်ရာ လေကြောင်းရန်ကာကွယ်ရေး Jammer နှင့် အီလက်ထရွန်နစ် စစ်ဆင်ရေးလေ့ကျင့်မှုများအတွက် အဆင့်မြင့်ခြိမ်းခြောက်မှုပုံစံတူစက် (Advanced Threat Emulator) ရောင်းချပေးနိုင်ရေး အဆိုပြုကမ်းလှမ်းသွားမည်ဖြစ်သည်။

Scorpius-G သည် တာဝေးအသုံးပြုနိုင်သော ရေဒီယိုကြိမ်နှုန်းအီလက်ထရွန်နစ် အထောက်အကူပြုမှုနှင့် အီလက်ထရွန်နစ် တန်ပြန်လုပ်ဆောင်မှု စနစ်တစ်မျိုးဖြစ်သည်။

ထိုစနစ်သည် ပစ်ခတ်မှုထိန်းချုပ်ရေး ရေဒါများ၊ ရှာဖွေထောက်လှမ်းရေးရေဒါများ၊ လေကြောင်းကြိုတင်သတိပေးရေး အာရုံခံကိရိယာများနှင့် Synthetic-aperture ရေဒါများကဲ့သို့သော ဝေဟင်နှင့်မြေပြင် အခြေစိုက် ခြိမ်းခြောက်မှုများမှ လှိုင်းနှုန်းများအပေါ် ကြားဖြတ်လုပ်ဆောင်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ ရှာဖွေခြင်းနှင့်ခြေရာခံခြင်းတို့ ပြုလုပ်နိုင်စွမ်းရှိသည်။

Scorpius-T EW Emulator သည် လက်တွေ့ကျကျ Signal-denseအချက်ပြ ထုတ်လွှင့်မှုများစွာဖြင့် ခြိမ်းခြောက်မှုနယ်ပယ်စုံမှ လှိုင်းနှုန်းစုံသုံးပတ်ဝန်းကျင် အခြေအနေများကို ကိုင်တွယ်ရန် စတုတ္ထနှင့် ပဉ္စမမျိုးဆက် တိုက်လေယာဉ်များအတွက် လေ့ကျင့်မှုများပြုလုပ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

MBDA သည် ဥရောပ၊ ဂျာမနီကာကွယ်ရေးဆိုင်ရာ လေ့ကျင့်ရေးအဖွဲ့အစည်းရှိ စနစ်များ၏ ပေါင်းစည်းလုပ်ဆောင်နိုင်မှုနှင့် အနာဂတ်တွင်လိုက်လျောညီထွေဖြစ်အောင် သေချာစေရန်အတွက် ၎င်းအခန်းကဏ္ဍကို လေကြောင်းရန်ကာကွယ်ရေးနှင့် လေ့ကျင့်ရေးစနစ်များတွင် ပူးပေါင်းလုပ်ဆောင်သွားမည်ဟုသိရသည်။

IAI နှင့် MBDA တို့၏ ဆန်းသစ်တီထွင်မှုနှင့် ကျွမ်းကျင်မှုတို့ကို ပေါင်းစပ်ခြင်းဖြင့် ကျွန်ုပ်တို့သည် ဂျာမနီလက်နက်ကိုင်တပ်ဖွဲ့များကို ၂၁ ရာစု လုံခြုံရေးစိန်ခေါ်မှုများကိုရင်ဆိုင်ရန် လိုအပ်သော အဆင့်မြင့်လေကြောင်းရန်ကာကွယ်ရေးဖြေရှင်းချက်နည်းလမ်းများကို ပံ့ပိုးပေးရန်အတွက် ကောင်းမွန်သောအနေအထားတစ်ရပ် ပိုင်ဆိုင်ထားနိုင်ပါလိမ့်မည်ဖြစ်ကြောင်း MBDA (Germany)အရောင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဒါရိုက်တာ Guido Bendler က ပြောကြားခဲ့သည်။

**IAI, MBDA to Jointly Offer Germany Air Defense, Electronic Warfare Systems ကို ဘာသာပြန်ဆိုထားပါသည်။**

## Nord Stream ဖောက်ခွဲဖျက်ဆီးမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးခေါ်ယူရန် ရုရှားတောင်းဆို

ရုရှားနိုင်ငံက Nord Stream ဓာတ်ငွေ့ပိုက်လိုင်း ဖောက်ခွဲဖျက်ဆီးမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးတစ်ရပ် ခေါ်ယူနိုင်ရေး ရုရှားနိုင်ငံက တောင်းဆိုထားသည်ဟု ကုလသမဂ္ဂဆိုင်ရာ ရုရှားနိုင်ငံ၏ ပထမ အမြဲတမ်းကိုယ်စားလှယ် Dmitry Polyansky က ၎င်း၏ Telegram ချန်နယ်တွင် ဖေဖော်ဝါရီ ၁၅ ရက်က ပြောကြားခဲ့သည်။

Nord Stream ဓာတ်ငွေ့ပိုက်လိုင်း ဖောက်ခွဲဖျက်ဆီးခံရမှုနှင့် ပတ်သက်ပြီး ထပ်မံရရှိခဲ့သည့် သတင်းများအရ ဖေဖော်ဝါရီ ၂၂ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးတစ်ရပ် ကျင်းပရန် တောင်းဆိုထားကြောင်း ၎င်းကဆိုသည်။

တစ်ချိန်တည်းမှာပင် ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၃ နာရီတွင် ကုလသမဂ္ဂ အထွေထွေညီလာခံ အထူးအစည်းအဝေးကို ပြန်လည်စတင်မည်ဖြစ်ပြီး ရုရှားဆန့်ကျင်ရေးဆုံးဖြတ်ချက် (Anti-Russian resolution)ကို မဲခွဲဆုံးဖြတ်ရန်စီစဉ်ထားသည်။

ဖေဖော်ဝါရီ ၈ ရက်က အမေရိကန် စုံစမ်းထောက်လှမ်းရေး သတင်းထောက် Seymour Hersh က သူ၏ဆောင်းပါးတွင် သတင်းရင်းမြစ်တစ်ခုကိုကိုးကား၍ Nord Stream ပိုက်လိုင်းများကို ၂၀၂၂ ခုနှစ် ဇွန်လတွင် BALTOPS လေ့ကျင့်မှုခေါင်းစဉ်အောက်၌ အမေရိကန်နိုင်ငံ ရေတပ်မှ ရေငုပ်သမားများ တပ်ဆင်ထားခဲ့သော ဖောက်ခွဲရေးပစ္စည်းများကို နော်ဝေ ကျွမ်းကျင်သူများ၏ပံ့ပိုးကူညီမှုဖြင့် ဖောက်ခွဲဖျက်ဆီးခံခဲ့ရကြောင်း ရေးသားဖော်ပြခဲ့သည်။

အဆိုပါစစ်ဆင်ရေးကို အိမ်ဖြူတော် လုံခြုံရေး အထူးကျွမ်းကျင်သူများနှင့် ကိုးလကြာ ဆွေးနွေးပြီးနောက် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ကိုယ်တိုင်ကိုယ်ကျ ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်ဟု အမေရိကန် စုံစမ်းထောက်လှမ်းရေး သတင်းထောက် Seymour Hersh ၏ အဆိုအရ သိရသည်။

အိမ်ဖြူတော် လုံခြုံရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူအမျိုးသမီး Adrienne Watson က Hersh ၏ရေးသားအစီရင်ခံချက်များသည် လုံးဝလွဲမှားနေပြီး အလွန်စိတ်ကူးယဉ်ဆန်လွန်းသည်ဟု TASS သတင်းဌာနသို့ မှတ်ချက်ပေး ပြောကြားခဲ့သည်။



**Russia requests UN Security Council meeting on Nord Stream sabotage for February 22 ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျာမနီနှင့် အမေရိကန်တို့ရှိ ကုမ္ပဏီများက NATO ၏ အသေးစားဒရုန်းအစီအစဉ်ကို ပံ့ပိုးကူညီရန် ပူးပေါင်းလုပ်ဆောင်မည်



ဂျာမနီနိုင်ငံအခြေစိုက် Rheinmetall သည် NATO ၏ အသေးစားဒရုန်းအစီအစဉ်ကို ပံ့ပိုးကူညီရန် အမေရိကန် လေကြောင်းကုမ္ပဏီ Aero Vironment နှင့် ယခုလအတွင်း ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၂ ရက်ထုတ် Defense Post တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုအောက်တွင် ကုမ္ပဏီများသည် မကြာသေးမီက NATO ၏ ဝယ်ယူရေးကြိုးပမ်းမှုတစ်ရပ်အရ မှာယူထားသော နည်းဗျူဟာမြောက်ဒရုန်းများကို ပံ့ပိုးပေးရန် အဆိုပြုချက်တစ်ခုကို ပေးပို့ခဲ့ခြင်းဖြစ်သည်။

အဆိုပြုချက်ကို NATO အဖွဲ့မှ လက်ခံပါက Rheinmetall ၏နည်းပညာဆိုင်ရာလုပ်ဆောင်မှုများအပိုင်းသည် နည်းဗျူဟာမြောက်ဒရုန်းများနှင့် အခြားသော လေကြောင်းနည်းပညာ ဖြေရှင်းချက်များကို အထူးလုပ်ကိုင်နေသည့် Aero Vironment နှင့်အတူ အကောင်အထည်ဖော်လုပ်ဆောင်သွားမည်လည်းဖြစ်သည်။

ဂျာမနီနိုင်ငံ Rheinmetall ကုမ္ပဏီ၏ အဆိုအရ အဆိုပါပရိုဂရမ်သည် ခြေလျင်တပ်ရင်းနှင့် အထူးစစ်ဆင်ရေးများအတွက် အသေးစားဒရုန်းများကို ဝယ်ယူတပ်ဆင်အသုံးပြုရန် နည်းလမ်းရှာဖွေခြင်းတစ်ရပ်ဟုလည်း သိရသည်။

အသေးစားဒရုန်းများအတွက် လိုအပ်သော စွမ်းဆောင်ရည်များတွင် ရာသီဥတုမရွေး နယ်ပယ်စုံ၊ ပတ်ဝန်းကျင်စုံ (Multi-domain) အသုံးပြု၊ လုပ်ဆောင်နိုင်စွမ်း ထည့်သွင်းဖော်ပြထားပါသည်။

ထို့ပြင် စနစ်တစ်ခုစီတွင် အများဆုံး အလေးချိန် ၁၀ ကီလိုဂရမ် ( ၂၂ ပေါင်)၊ လျင်မြန်စွာဖြန့်ကြက်နိုင်မှု၊ လက်ဖြင့်ပစ်လွှတ်နိုင်စွမ်းနှင့် အကွာအဝေး ကီလိုမီတာ ၃၀ ထိ ပျံသန်းနိုင်စွမ်းရှိရမည်ဖြစ်သည်။

Rheinmetall ကုမ္ပဏီနှင့် Aero Vironment ကုမ္ပဏီတို့သည် ဖြေရှင်းချက်တစ်ခုကို တီထွင်ဖန်တီးထားခြင်းဖြစ်ပြီး ဆက်လက်လုပ်ဆောင်ရန် စံနမူနာပြသင့်ကြောင်း Rheinmetall ၏ထုတ်ပြန်ချက်တွင် အဆိုပြုထားသည်။

AeroVironment သည် မောင်းသူမဲ့လေယာဉ်စနစ်များ ဒီဇိုင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ထုတ်လုပ်ရေးတွင် စက်မှုလုပ်ငန်းဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်သည်။ ၎င်း၏ Puma TM 3 AE UAS မောင်းသူမဲ့လေယာဉ်စနစ်သည် ကမ္ဘာတစ်ဝန်းရှိ လက်နက်ကိုင်တပ်ဖွဲ့များတွင် တပ်ဖြန့်အသုံးပြုလျက်ရှိပြီး ၎င်းသည် အထူးတပ်ဖွဲ့များအတွက် အရွယ်အစားသေးငယ်သော UAS ဒရုန်းစနစ်အတွက် အကောင်းဆုံးအနေအထားတစ်ရပ်ကို ပိုင်ဆိုင်ထားနိုင်စေခြင်းလည်းဖြစ်သည်ဟု ထုတ်ပြန်ချက်တွင်ပါရှိသည်။

**Germany, US Bid on NATO Small Drone Program ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံပဲမျိုးစုံ ၁၁၀၂၅၅ ဧကစိုက်ပျိုးပြီးစီး



**ကျုံပျော် ဖေဖော်ဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းသီးနှံပဲမျိုးစုံ ၁၁၀ ၂၅၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၁၀၂၅၅ ဧက လျာထားပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် ပဲမျိုးစုံ ၁၁၀၂၅၅ ဧက အားလုံး ယနေ့တွင် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ပဲမျိုးစုံ ၁၁၀၂၅၅ ဧကတွင် မတ်ပဲ ၁၀၂၂၈၂ ဧက၊ ပဲတီစိမ်း ၄၉၉၇ ဧက၊ ဗိုလ်ကိတ်ပဲ ၂၂၂၁ ဧက၊ ပဲနောက် ၃၁ ဧက၊ ပဲကြီး ၂၈ ဧက၊ ပဲပုပ် ၅၈၇ ဧက၊ ပဲယဉ်း ၁၀၉ ဧက စုစုပေါင်း ပဲမျိုးစုံ ၁၁၀၂၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲမျိုးစုံ ၁၁၀၂၅၅ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဆောင်းသီးနှံပဲတွေကို နိုဝင်ဘာလ ပထမပတ်ကနေ စတင်စိုက်ပျိုးခဲ့ပါတယ်။ ဆောင်းသီးနှံပဲတွေလျာထားချက်အတိုင်း ပြည့်မီအောင်စိုက်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ အခြားနှီးနွယ်ဌာနတွေနဲ့လဲ ချိတ်ဆက် ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် တောင်သူတွေကို စိုက်ပျိုးရေးဦးစီးဌာနကနေ လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာတွေကို ပို့ချသင်ကြားပေးထားပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံ ပဲမျိုးစုံ ၁၁၀၂၅၅ ဧကကို စုစုပေါင်း ကျေးရွာ ၃၃ ရွာမှ ဒေသခံတောင်သူများက စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ ပဲသီးနှံများ အထွက်နှုန်းကောင်းစေရန်၊အထွက်နှုန်းညီစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုမရှိစေရန်၊ အပင်အားဆေး၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ စသည်တို့ကို စနစ်တကျသုံးစွဲတတ်စေရန်စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းအသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# တာချီလိတ်မြို့နယ် ပါခုတ်ကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**တာချီလိတ် ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာချီလိတ်မြို့နယ် ပါခုတ်ကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်ပြီးစီးမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်နှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေ ကျပ် ၉၆ ဒသမ ၁၃၅ သန်းဖြင့် ဆောင်ရွက်သည့် ပါခုတ်ကျေးရွာ ကုန်ထုတ်လမ်း အပိုင်း (၁/၂) ဖောက်လုပ်ပြီးစီးမှုနှင့် အဆိုပါ လမ်းပေါ်တွင် Box Culvert နှစ်စင်း တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့လှဲ့သင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။



တာချီလိတ်မြို့နယ် ပါခုတ်ကျေးရွာတွင် အရှည် နှစ်မိုင်၊ အကျယ် ၁၅ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းအပိုင်း (၁/၂) ဖောက်လုပ်ခြင်း၊ အရှည် ၂၂ ပေ၊ အကျယ် ငါးပေ၊ အမြင့် ငါးပေရှိ Box Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ပေးနိုင်မှုကြောင့် ကျေးရွာမှထွက်ရှိသော စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာစွာဖြင့် အချိန်တိုအတွင်း မြို့ပေါ်ဈေးကွက်အရောက် တိုက်ရိုက်တင်ပို့ ရောင်းချနိုင်မည်ဖြစ်ကြောင်း တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**

# မိုးမိတ်မြို့နယ် တောင်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးမိတ် ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တောင်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးမိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက တောင်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ အဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၈၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များနှင့်အသင်းသူ၊ အသင်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၈-၂-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၀၈၀၀၀ |
| **(ရွှဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ရွှေဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၁၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၅၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၂၅ |
| **(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ပြည်ထောင်စုဝန်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့ မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များနှင့် တွေ့ဆုံဆွေးနွေး

**မန္တလေး ဖေဖော်ဝါရီ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့တော်ခန်းမ၌ မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြန်ကြားရေးဝန်ကြီးဌာနနှင့် လုပ်ငန်းဆက်စပ်နေသော မန္တလေးမြို့ရှိ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ အနုပညာရှင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် လုပ်ငန်းဆက်စပ်သော စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်း၍ တွေ့ဆုံဆွေးနွေးခြင်း ဖြစ်ပါကြောင်း၊ လက်ရှိနိုင်ငံရေးအခြေအနေနှင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ မန္တလေးမြို့သန့်ရှင်းသာယာလှပမှု၊ စည်းကမ်းကျနမှုနှင့်အတူ တာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်နေမှု၊ ဆက်လက်ပြီး အချိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက နိုင်ငံတကာတွင် စီးပွားရေးအကျပ်အတည်းများ ရင်ဆိုင်ကြုံတွေ့နေရမှုနှင့် စီးပွားရေးမှအစပြု၍ ပြိုလဲမသွားစေရန် ကျားကန်ရင်ဆိုင်နေရမှု၊ မြန်မာနိုင်ငံတွင်လည်း စီးပွားရေးအရ ပြိုလဲမှုမဖြစ်စေရန်အပြင် ဖွံ့ဖြိုးတိုးတက်စေရန် ရုန်းကန်ဆောင်ရွက်နေမှု၊ ကုန်သွယ်မှုလိုငွေမဖြစ်စေရေး ကြိုတင်ကာကွယ်ဆောင်ရွက်နေမှု၊ သွင်းကုန်များ ချင့်ချိန်ဆောင်ရွက်နေမှုနှင့် ပို့ကုန်တိုးတက်စေရန် ဆောင်ရွက်နေမှု၊ ပြည်တွင်းအားကို အလေးထားပြီး စိုက်ပျိုးမွေးမြူရေးနှင့် အသေးစား၊ အလတ်စား၊ အငယ်စား စက်မှုလုပ်ငန်း(MSME)များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က နိုင်ငံတော်အစိုးရအနေဖြင့် "ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ" ဆောင်ပုဒ်နှင့်အညီ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များချမှတ်ပြီး လုပ်ငန်းများ အောင်မြင်စေရန် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးအနေဖြင့်လည်း တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များအားလုံးကိုယ်စား ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြစ်ပေါ်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားမှုနှင့်အတူ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ပြင်ဦးလွင်မြို့ ထုံးဘိုကျေးရွာရှိ မြေဧရိယာ ၂ ဒသမ ၁၉ ဧကပေါ်တွင် ဉာဏ်တော်အမြင့် ၃၆ ပေဖြင့် တည်ဆောက်လျက်ရှိသော သီတဂူ ဆံချည်စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရအား ဖူးမြော်ကာ ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ထီးတော်တင်လှူပူဇော်မည့် အခြေအနေများနှင့်စပ်လျဉ်းပြီး လျှောက်ထား၍ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ဌာနပေါင်းစုံ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေး

**မန္တလေး ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက မန္တလေး အမရပူရမြို့နယ် တောင်သမန်အင်းဝန်းကျင်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်သမန်အင်းနှင့် တောင်သမန်တံတားဝန်းကျင်၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနပေါင်းစုံ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများ၊ ရှင်းလင်းသိမ်းဆည်းခဲ့သည့် အမှိုက်များကို တစ်ပိဿာလျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့် ပြန်လည်ဝယ်ယူပေးနေမှုများကို လိုက်လံကြည့်ရှုပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများကို တောင်သမန်အင်းနှင့် တောင်သမန်တံတားဝန်းကျင် အများပြည်သူလည်ပတ်သည့်အခါ စိတ်ချမ်းမြေ့စေရေးနှင့် အမြင်တင့်တယ်သပ်ရပ်စေရေးအတွက် အစဉ်အမြဲသန့်ရှင်းသာယာလှပရေးကို အလေးထားဆောင်ရွက်ရန်၊ ဖွင့်လှစ်ရောင်းချနေသည့် ဈေးဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်စေရေး၊ အမှိုက်များ စနစ်တကျစွန့်ပစ်ရေး ကြီးကြပ်ဆောင်ရွက်ရန်တို့ကိုမှာကြားကာ လိုအပ်သည်များကို ဖြည့်စွက်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များအလိုက် စုပေါင်းသန့်ရှင်းရေးများကို အပတ်စဉ်စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အမရပူရခရိုင်အပါအဝင် မဟာအောင်မြေခရိုင်၊ အောင်မြေသာစံခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းခရိုင်၊ တံတားဦးခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်နှင့် ညောင်ဦးခရိုင်အတွင်းရှိ မြို့နယ်များအလိုက် အများပြည်သူသွားလာသည့်နေရာများတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနပေါင်းစုံ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၀၀၀ ကျော်ဖြင့် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

☆ **ကျောဖုံးမှအဆက်**

ဖော်ထုတ်ပြီး တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ ဂုဏ်သိက္ခာနှင့်အညီ စည်းလုံးညီညွတ်စွာ စည်းကမ်းရှိရှိဖျော်ဖျော်ရွှင်ရွှင် ချစ်ကြည်ရင်းနှီးစွာ ယှဉ်ပြိုင်ကစားရင်း အောင်မြင်မှုရရှိသူများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းပြောကြားကာ အားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံဘောလုံးပြိုင်ပွဲနှင့် ပညာရေးဒီဂရီကောလိပ် ပေါင်းစုံအားကစားပြိုင်ပွဲအထိမ်းအမှတ်အလံကိုလွှင့်တင်၍ ပြိုင်ပွဲဝင်အားကစားအဖွဲ့များက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ယင်းနောက်အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးတို့က အားကစားသမားများကို လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ မိတ္ထီလာပညာရေးဒီဂရီကောလိပ်ကျောင်းသား၊ ကျောင်းသူလေးများက Fitness Dance၊ တောင်ငူပညာရေး ဒီဂရီကောလိပ်က ကဗျာလွတ်အက၊ မုံရွာပညာရေးဒီဂရီကောလိပ်က မြန်မာ့သိုင်း၊ ရန်ကင်းနှင့် လှည်းကူးပညာရေးဒီဂရီကောလိပ်များက ဝူရှူးအားကစားနှင့်သယ်နိုင်းကျွန်း ပညာရေးဒီဂရီကောလိပ်က တိုက်ကွမ်ဒိုအားကစားတို့ဖြင့် တင်ဆက်ပြသကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမျိုးသားဘော်လီဘောပြိုင်ပွဲကို စတင်ကျင်းပရာ တောင်ကြီးပညာရေး ဒီဂရီကောလိပ်က ပြည်ပညာရေးဒီဂရီကောလိပ်ကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံဘောလုံးပြိုင်ပွဲနှင့် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲတို့ကို တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အပြည့်အဝအထောက်အကူဖြစ်စေရန်၊ အားကစားပွဲတော်မှထွက်ပေါ်လာမည့် ထူးချွန်အားကစားများမှသည် နိုင်ငံတော်အတွက် အားထားရသော မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များကို အောက်မြန်မာပြည်ဇုန်လေးခုနှင့် အထက်မြန်မာပြည်ဇုန် လေးခုသတ်မှတ်၍ လူရွေးပွဲများကို သက်ဆိုင်ရာဇုန်အလိုက် မြို့များတွင်ကျင်းပခဲ့ပြီး ဗဟိုအဆင့်ဘောလုံးပြိုင်ပွဲတွင် အားကစားသမားကျောင်းသား၊ အုပ်ချုပ်၊ နည်းပြ စုစုပေါင်း ဦးရေ ၂၀၀ ပါဝင်ကြမည်ဖြစ်သည်။

ပညာရေးဒီဂရီကောလိပ်များမှ အားကစားသမားကျောင်းသား၊ ကျောင်းသူများသည် ရန်ကုန်ဇုန် (အောက်မြန်မာပြည်ဇုန်)မှ ၄၇၁ ဦးနှင့် မန္တလေးဇုန်(အထက်မြန်မာပြည်ဇုန်)မှ ၄၁၃ ဦး စုစုပေါင်း ၈၈၄ ဦးတို့သည် အားကစားနည်းသုံးမျိုးဖြစ်သော ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ဗဟိုအဆင့်တွင် ဇုန်အဆင့်မှ အနိုင်ရရှိလာသော ဘောလုံး လေးသင်း၊ ဘော်လီဘော အမျိုးသား လေးသင်း၊ ဘော်လီဘော အမျိုးသမီး လေးသင်း၊ ပိုက်ကျော်ခြင်း လေးသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ပြေးခုန်ပစ်ကစားနည်းကို ပညာရေး ဒီဂရီကောလိပ်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဖေဖော်ဝါရီ ၁၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦးတွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၈၈၄ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၃၅၈ ဦး |

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဖေဖော်ဝါရီ ၁၇ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၉၂၁ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# Asia World ဆိပ်ကမ်းတွင် ရောက်ရှိနေသည့် လျှပ်စစ်သုံးယာဉ်များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် စက်မှုဓမ္မာရုံ၌ ကျင်းပသည့် စက်မှုဝန်ထမ်းဟောင်းများအသင်း၏ နဝမအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်ညီလာခံသို့တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက စက်မှုဝန်ထမ်းဟောင်းများအသင်း ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းနှင့် လူမှုရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကိုရှင်းလင်းတင်ပြပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် စက်မှုဝန်ကြီးဌာနတို့မှ စက်မှုဝန်ထမ်းဟောင်းများအသင်းသို့ အလှူငွေများ ပေးအပ်၍ စက်မှုဝန်ထမ်းဟောင်းအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတွင် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Essential Motor Co.,Ltd က တင်သွင်းပြီး Asia World ဆိပ်ကမ်း၌ ရောက်ရှိနေသည့် BYD အမှတ်တံဆိပ် လျှပ်စစ်သုံးယာဉ် ၂၅ စီးကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး တင်သွင်းရောက်ရှိလာသည့် ယာဉ်များအတွက် ရောင်းချပြီးအာမခံမှု၊ ပုံမှန်ပြုပြင် ထိန်းသိမ်းမှုနှင့် အပိုပစ္စည်း ရရှိမှုတို့ကို ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးနိုင်ရေးနှင့် မူရင်းထုတ်လုပ်သည့် ကုမ္ပဏီနှင့်ချိတ်ဆက်၍ လျှပ်စစ်သုံးယာဉ်ဆိုင်ရာနည်းပညာများ ပြည်တွင်း၌ ရရှိစေရေး ဆောင်ရွက်ရန်မှာကြားသည်။

ယခုရောက်ရှိလာသည့် BYD အမှတ်တံဆိပ် လျှပ်စစ်သုံးယာဉ် ၂၅ စီးသည် ရန်ကုန်မြို့ရှိ Asia World ဆိပ်ကမ်းသို့ ဖေဖော်ဝါရီ ၁၅ ရက်တွင် ရောက်ရှိပြီး ၁၆ ရက်တွင် Import Declaration ဖွင့်လှစ်၍ အကောက်ခွန်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ လျှပ်စစ်သုံးယာဉ် ၂၅ စီးသည် BYD Atto 3 အမျိုးအစား ၁၅ စီးနှင့် BYD Dolphin အမျိုးအစား ၁၀ စီး ဖြစ်ပြီး လူစီးယာဉ်အဖြစ်အသုံးပြုနိုင်ရေး ရည်ရွယ်၍ EssentialMotor Co.,Ltd က တင်သွင်းလာခြင်းဖြစ်သည်။ ရန်ကုန်မြို့တွင်း City Taxi အဖြစ် ပြေးဆွဲမည့် BYD အမျိုးအစား လျှပ်စစ်သုံးယာဉ်များကိုလည်း မူရင်းကုမ္ပဏီတွင် မှာယူထားပြီး မတ်လအတွင်း၌ ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်သည်။ လျှပ်စစ်သုံးယာဉ်များကို သွင်းနိုင်ရန်အတွက် Essential Motor Co.,Ltd သည် ရန်ကုန်ဘူတာကြီးအနီးတွင် Level 3 အဆင့် Charger ငါးစုံ၊ Dual Gun အသုံးပြုနိုင်သည့် Charging Station တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကုန်ပစ္စည်းသယ်ဆောင်ခွင့်လက်မှတ်များကို Vehicle Monitoring System ဖြင့် Online က စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများ တရားဝင်မှန်ကန်စွာ ဆောင်ရွက်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပို့ကုန်တင်ပို့သည့်ယာဉ်များက ကုန်ပစ္စည်းများ သယ်ဆောင်တင်ပို့ရာတွင် စနစ်တကျရှိစေရေးအတွက်လည်းကောင်း၊ ကုန်ပစ္စည်းစစ်ဆေးခြင်းလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ ကုန်ပစ္စည်းသယ်ဆောင်ခွင့်လက်မှတ်များကို Vehicle Monitoring System ဖြင့် Online က စိစစ်ခွင့်ပြုပေးလျက်ရှိသည်။

အဆိုပါအစီအစဉ်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ပို့ကုန်ယာဉ်များက QR Code ကို အသုံးပြု၍ ကုန်ပစ္စည်း သယ်ဆောင်တင်ပို့နေခြင်းကို မန္တလေး ၁၆ မိုင်ကျောက်ချော စစ်ဆေးရေးစခန်းသို့ သွားရောက်စစ်ဆေးသည်။

ထိုသို့စစ်ဆေးကြည့်ရှုစဉ် ပို့ကုန်ပစ္စည်းများကို နယ်စပ်မှတင်ပို့ရာတွင် ကုန်ပစ္စည်းသယ်ဆောင်သည့် ယာဉ်များအတွက် QR Code ပါဝင်သည့် ပစ္စည်းသယ်ဆောင်ခွင့်လက်မှတ်ကို Online က လျှောက်ထားခွင့်ပြုနေသည့် အစီအစဉ်များ၊ စစ်ဆေးဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခြေအနေများကို သက်ဆိုင်ရာတာဝန်ရှိသူများကရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပို့ကုန်လုပ်ငန်းရှင်များ၊ ယာဉ်မောင်းများနှင့်တွေ့ဆုံကာ အခက်အခဲများ မေးမြန်း၍ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေး အလေးထားဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် အဆောက်အအုံဦးစီးဌာန၊ အဆောက်အအုံအထူးအဖွဲ့(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြင့် ခုနစ်ထပ်ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး အဆောက်အအုံဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့်စပ်လျဉ်း၍ တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေး အလေးထားဆောင်ရွက်ရန်တို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အထူးအဖွဲ့များ၊ သယ်န်းကျွန်းခရိုင်၊ ကမာရွတ်ခရိုင်၊ သန်လျင်ခရိုင်၊ တွံတေးခရိုင်၊ တိုက်ကြီးခရိုင်၊ လှည်းကူးခရိုင်၊ မှော်ဘီခရိုင်နှင့် အင်းစိန်ခရိုင်တို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးထင်ကျော်က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော အဆောက်အအုံ၊ လမ်း၊ တံတား လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို အသေးစိတ်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်အပ်နှင်းထားသည့် သီရိပျံချီဘွဲ့တံဆိပ်တော်များနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)ကဆက်ကပ်သည့် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်များ ဆက်ကပ်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပပြုလုပ်





ဆရာတော်များထံ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ ဘွဲ့တံဆိပ်တော်များ၊ အဆောင်အယောင်ပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်အတွင်း၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သီရိပျံချီဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရသော ဂွကပင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကဝိဓဇနှင့် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မသဟာရကျောင်း နာယကဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသတို့အား သီရိပျံချီဘွဲ့တံဆိပ်တော်များနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)ကဆက်ကပ်သည့် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ဂုဏ်ပြုပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတိလောကာဘိဝံသအမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ကာ နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်အပ်နှင်းထားသည့် သီရိပျံချီဘွဲ့တံဆိပ်တော်များ၊ အဆောင်အယောင်ပစ္စည်းများနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)က ဆက်ကပ်သည့် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များနှင့် လှူဖွယ်ပစ္စည်းများကို ဘွဲ့ခံဆရာတော်များဖြစ်တော်မူကြသော ဂွကပင်ဆရာတော်ဘုရားကြီးနှင့် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မသဟာရကျောင်း နာယကဆရာတော်တို့ထံသို့ တိုင်းမှူးက ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ဦးစီးပဓာနနာယကဆရာတော်နှင့် တိပိဋကဓရ တိပိဋကကောဝိဒ ရွှေရတုတိပိဋကဓရ မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသတို့ထံမှ ဩဝါဒစကားများ နာယူကြသည်။

၎င်းနောက် အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူ မြစေတီဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ရေစက်ချအနုမောဒနာတရားများ နာယူခဲ့ကြကြောင်း သတင်းရရှိသည်။

# (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ စတင်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

(၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ စတင်ကျင်းပရာ (၂၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်ထိန်လင်း၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ နံနက်ပိုင်းပွဲစဉ်များအဖြစ် (က) အဆင့်ပြိုင်ပွဲမှ စစ်တက္ကသိုလ်ကိုယ်စားပြုအသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြုအသင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြုအသင်းတို့မှလည်းကောင်း၊ (ခ)အဆင့်ပြိုင်ပွဲတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)တပ်ခွဲအသင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) တပ်ခွဲအသင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)တပ်ခွဲအသင်းတို့ အသီးသီးယှဉ်ပြိုင်ကြသည်။

ညနေပိုင်းပွဲစဉ်များအဖြစ် (ခ)အဆင့်ပြိုင်ပွဲမှ အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုအသင်း၊ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြုအသင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)တပ်ခွဲအသင်း၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုအသင်းတို့ အသီးသီးယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။



(၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ စတင်ကျင်းပစဉ်။

# မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် တောင်တွင်းကြီးမြို့နယ် ဆတ်သွားကျေးရွာရှိ ပေါ်တော်မူဆုတောင်းပြည့်ဘုရားကြီးကျောင်းဓမ္မာရုံ၌အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၉၉၅ ဦးကို

**တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ၌ ဆေးကုသမှုဆိုင်ရာရောဂါ ၂၄၅ ဦး၊ ခွဲစိတ်ရောဂါ ၇၆ ဦး၊ ကလေးရောဂါ ၃၇ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၉ ဦး၊ အရိုးရောဂါ ၂၂၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၈ ဦး၊ မျက်စိရောဂါ ၂၂၄ ဦး၊ သွားရောဂါ ၂၂ ဦးနှင့် အထွေထွေရောဂါ ၆၇ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိကုသမှုလူနာ ၁၀ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၈၉ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၇၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၇၄ ဦးတို့ကို ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

၎င်းပြင် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို သွေးတိုးရောဂါနှင့် ဆီးချို၊ သွေးချိုရောဂါများအကြောင်း ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများကို စားရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများနှင့် အလှူရှင်များက နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော်အား ဒုတိယဝန်ကြီး ဦးအေးထွန်း ဖူးမြော်ကြည်ညိုပြီး မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ



ဆရာတော်ထံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**မန္တလေး ဖေဖော်ဝါရီ ၁၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ပြင်ဦးလွင်မြို့မှ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဌာနခွဲသို့ ရောက်ရှိပြီး ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရ အား ဖူးမြော်ကြည်ညို၍ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြုပြင်ထိန်းသိမ်းမည့် စာသင်သား သီတင်းသုံးအဆောင်များ၊ ဝန်ထမ်းအိမ်ရာလိုင်းခန်းများ၊ တက္ကသိုလ်ပိုင်သာသနာ့မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး သာသနာ့မြေများ ဆုံးရှုံးလျော့နည်းမှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ရေး အလေးထားလိုက်နာဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် သာသနာရေးမှူးရုံးတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများကို ပါတီနိုင်ငံရေးကင်းရှင်းရန်၊ သာသနာရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန်မှာကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ မန္တလေးတိုင်းဒေသကြီး၊ ခရိုင်သာသနာရေးမှူးရုံးများကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရအမှူးပြုသော သင်ကြားစီမံဆရာတော်များ၊ စာသင်သားသံဃာတော်များအား အရှုဏ်ဆွမ်းဆက်ကပ်လှူဒါန်းမှုတို့ကို ကြည်ညိုပြီး ဆွမ်းပဒေသာပင် ဝတ္ထုငွေများ စိုက်ထူလှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့ သာသနာ့ဝေပုလ္လပရိယတ္တိစာသင်တိုက်သို့သွားရောက်ကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒနှင့် မိတ္ထီလာမြို့ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တဇဝန၊ မိတ္ထီလာမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရတို့ထံသွားရောက်၍ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာကိစ္စများကိုလျှောက်ထားပြီး မိတ္ထီလာခရိုင်သာသနာရေးမှူးရုံးသို့ သွားရောက်ကာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကိုမှာကြား၍ ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သန့်ရှင်းသာယာသော မြို့ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မိမိတို့၏ နေ့စဉ်လူမှုဘဝ နေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာမျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ်အရေးကြီးလှသည်။ မိမိတို့တစ်ဦးချင်းနေထိုင်ကြသည့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင်တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။





လောင်းလုံမြို့နယ် ပြည်သူ့ဆေးရုံ၌ သန့်ရှင်းရေးမဆောင်ရွက်မီ(ဝဲပုံ)နှင့် သန့်ရှင်းရေးဆောင်ရွက်ပြီး(ယာပုံ)ကို တွေ့ရစဉ်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။



ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ဌာနဆိုင်ရာတာဝန်ရှိသူများက ဇပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့၌လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့၌လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့နှင့် သံတောင်ကြီးမြို့တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်လူရွယ်များစုစည်း၍ "မြို့ရွာသန့်ရှင်းရောဂါကင်း စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး အမရပူရမြို့နယ် တောင်သမန်အင်းပတ်ဝန်းကျင်၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ငွေကျပ် ၁၀၀ ဖြင့်ဝယ်ယူ၍ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ ဒုတိယတိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# တရားမဝင်စားသောက်ကုန်များ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ















**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် ဖေဖော်ဝါရီ ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (သွင်းကုန်)၌ တာဝန်ကျအကောက်ခွန်အဖွဲ့က Valid for Prior Arrival (VPA) ရက်ပေါင်း ၆၀ ထက် ကျော်လွန်သည့် 1 Loop Addressable Fire Alarm-Panel တစ်စုံ၊ RAWFOR SANITARY NAPKIN ကီလိုဂရမ် ၂၂၅၀ အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး ခန့်မှန်း တန်ဖိုးငွေကျပ် ၅၁၀၀၃၄၃၅ ကိုလည်းကောင်း၊ မြန်မာ စက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေး စခန်း၌အကောက်ခွန်လုပ်ရှားစစ်ဆေးရေး အဖွဲ့က ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက်ပိုမိုပါရှိလာသည့် GAUL-LAC တံဆိပ်ပါ နို့မှုန့် ၂၇၆၄ ဒသမ ၈ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၄၀၀၁၀၉၆ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၅၀၀၄၅၃၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မွန်ပြည်နယ် မရမ်းချောင်အမြတ်မ စစ်ဆေးရေးစခန်း၌ ပူးပေါင်းအဖွဲ့က မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်း မရှိသော Molyland Grease ၄၃၅ ဒသမ ၈၄ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၉၇၂၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်သော ISUZU-GIGA အမျိုးအစား မော်တော်ယာဉ်တစ်စီးခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ပူးပေါင်းအဖွဲ့က စံလောင်းကျေးရွာအနီးရှောင် ကွင်းလမ်းတစ်နေရာတွင် ပိုင်ရှင်မဲ့စုပုံထားသော အကောက်ခွန်မဲ့ Two Elephant တံဆိပ်ပါ တရုတ်နိုင်ငံထုတ်ဘီယာ ဖာ ၃၃၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၆၀၉၇၂၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၁၆ ရက်တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ငါးမှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၅၆၁၄၂၅၁ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသတင်းရရှိသည်။

**(သတင်းစဉ်)**



# တရားမဝင်ကုန်သွယ်မှု တားဆီး၊ ဖမ်းဆီးနိုင်ရေးအတွက် တားဆီး၊ ဖမ်းဆီးဆုငွေနှင့် သတင်းပေးဆုငွေချီးမြှင့်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

တရားမဝင် ကုန်သွယ်မှုများကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာထိခိုက်ခြင်း၊ တရားမဝင် ကုန်သွယ်မှုကြောင့် တရားဝင်လုပ်ကိုင်နေသောလုပ်ငန်းများကို အဟန့်အတားဖြစ်စေခြင်း၊ တရားမဝင်ကုန်ပစ္စည်းများဝင်ရောက်နေသည့်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအနေဖြင့် တရားမဝင်ကုန်စည်များနှင့် ပြိုင်ဆိုင်ရောင်းချနိုင်စွမ်းနည်းပြီး ရေရှည်ရပ်တည်ရန်ခက်ခဲလာခြင်းတို့ကြောင့် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ တားဆီးထိန်းချုပ်နိုင်ရေး လုပ်ငန်းစဉ်များ၌ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှသာ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

တရားမဝင်တင်သွင်း၊ တင်ပို့မှုများနှင့် ပတ်သက်၍ တားဆီး၊ ဖမ်းဆီးပစ္စည်းများအပေါ် ရွေးယူဒဏ်ငွေတပ်ရိုက်ခြင်းသို့မဟုတ် လေလံတင်ရောင်းချခြင်းမှရရှိငွေ၏ ၃၀ ရာခိုင်နှုန်းအား ဖမ်းဆီးသူများကိုလည်းကောင်း၊ ၂၀ ရာခိုင်နှုန်းအား သတင်းပေးသူများကိုလည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၂၀ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆုငွေချီးမြှင့်လျက်ရှိသည်။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ရက်ထိ တရားမဝင်ကုန်ပစ္စည်းများ တားဆီးဖမ်းဆီးမှုများအနက် ဆုငွေချီးမြှင့်ရန် အတည်ပြုပြီးသည့်အမှုတွဲ ၇၉၂ မှုမှ အမှုတွဲ ၆၄၆ မှုအတွက် ဖမ်းဆီးသူနှင့် စုံစမ်းထောက်လှမ်းသည့်အဖွဲ့အစည်းများကို ဆုငွေကျပ် ၁၂၀၀ ဒသမ ၈၇၃ သန်း၊ တရားမဝင်ကုန်သွယ်မှုများနှင့်ပတ်သက်၍ သတင်းပေးတိုင်ကြားခဲ့သည့်အမှုများအတွက် သတင်းပေးဆုငွေကျပ် ၆၆ ဒသမ ၀၂၇ သန်းတို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် သတင်းပေးသူများကို ဆုငွေထုတ်ပေးချီးမြှင့်ပြီးဖြစ်သည်။ ကျန်ရှိသည့်ဆုငွေအတည်ပြုအမှုတွဲ ၁၄၆ မှုအတွက် ဖမ်းဆီးဆုငွေနှင့် သတင်းပေးဆုငွေအမြန်ဆုံးထုတ်ပေးချီးမြှင့်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ကျန် တားဆီး၊ဖမ်းဆီးအမှုတွဲများကိုလည်း ဆုငွေအတည်ပြု ချီးမြှင့်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိသည်။

တရားမဝင် တင်သွင်း၊တင်ပို့မှုများနှင့် ပတ်သက်၍ တားဆီး၊ ဖမ်းဆီးနိုင်သည့် သတင်းအချက်အလက်တိတိကျကျဖော်ပြ၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များထံသို့ တရားမဝင် တင်သွင်း၊ တင်ပို့ခြင်းများကို ဖမ်းဆီးနိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် သတင်းပေးဆက်သွယ် တိုင်ကြားနိုင်ရေးအတွက် လျှို့ဝှက်လုံခြုံစွာသတင်းပေးနိုင်သည့် ဖုန်းနံပါတ်များကိုထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

သတင်းပေးပို့သူနှင့် ပတ်သက်သည့်အချက်အလက်များကိုလျှို့ဝှက်စွာထိန်းသိမ်းထားရှိမည်ဖြစ်သည်။ သတင်းပေးပို့ခြင်းအတွက် ရရှိမည့်ဆုငွေများကို လျှို့ဝှက်စွာဆက်သွယ်အကြောင်းကြား၍ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆက်သွယ်ထုတ်ပေးသွားမည်အပြင် သတင်းပေးသူကို လျှို့ဝှက်ထားရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေလိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ရွှေမင်းဝံရပ်ကွက်နေ သန့်ဇင်ဝင်း(ခ)ဆိုးခါးသည် ၎င်းအသုံးပြုသည့် “Soe Kharr ဆိုးခါး” Facebookအကောင့်နှင့် “Thant Zin Win” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်နေ ထွန်းထွန်းနိုင်သည် ၎င်းအသုံးပြုသည့် “Oo Oo Pro (Tun Lay)” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

0 w Mw H @

# မေတ္တာစိမ့်စမ်းဘယ်မခန်း

စံရှာနီထွန်း




(၁)

"ဟော သမီးကြီးနိုးလာပြီလား"

"လာ အသုပ်လာစားသမီး"

မေမေက ကျွန်မစားဖို့ အသုပ်ပြင်မလို့အလုပ်-

"နေ မေမေ၊ သမီးဘာသာလုပ်လိုက်မယ်"

မေမေဒေါ်ညိုခင်က ခေါက်ဆွဲသုပ်၊ ကြာဆံသုပ်၊ မုန့်တီသုပ်၊ အစုံသုပ်၊ ရခိုင်မုန့်တီ စသဖြင့် မနက်တိုင်း ဆိုင်ထွက်တယ်။

"ဖေဖေကောမေမေ"

"သမီးဖေဖေ ကားထွက်သွားတာ ကြာလှပေါ့"

ဖေဖေဦးမြင့်အောင် ခေါ် ဦးတွတ်ပီက Taxi ကားကို လချုပ်နဲ့ ယူမောင်းသူပါ။ မနက် ၄ နာရီထနေကျ ကျွန်မမှာ ညကစာကျက်နေတာ ညဥ့်နက်သွားတာနဲ့ နောက်ကျမှ ထလာရတာပါ။ မေမေ့ကို ကျွန်မ သိပ်သနားမိပါတယ်။ လာစားသမျှလူတွေအတွက် အသုပ်သုပ်ပေးရတော့ လက်က ရေနွံမကင်း၊ ကြာတော့လဲ မေမေ့လက်တွေကိုက်၊ နောက်ပိုင်းလက်အိပ်စွပ်ပါတယ်။ ညညဆို မေမေ့လက်တွေကို ဆေးလိမ်းနှိပ်ပေးရင်း ရင်ထဲမှာမကောင်း။ ဖေဖေလဲ ဘာထူးလဲ တစ်နေကုန် Taxi မောင်းရတော့ နေလောင်ထားတဲ့လက်တစ်ဖက်၊ ပါးတစ်ခြမ်းက ခပ်ညို့ညို့။ ခြေထောက်တွေညောင်းနေရှာတော့ ကျွန်မတို့မောင်နှမတစ်တွေ ညဆို နင်းနှိပ်ပေးပါတယ်။ ဖေဖေကတော့ လာနင်းပေးပါ၊ နှိပ်ပေးပါမပြောရှာပေမဲ့ ကျွန်မတို့မောင်နှမတွေက အလိုက်တသိ အလှည့်ကျနဲ့နှိပ်ပေးနင်းပေးကြတာပါ။ ကျွန်မကြီးလာရင် ဘွဲ့ရပညာတတ်ဖြစ်လို့အလုပ်အကိုင်ကောင်းကောင်းရရင် ဖေဖေနဲ့မေမေ့ကို မပူမပင်မကြောင့်မကြ ပြည့်စုံအောင်ထားနိုင်ရမယ်လို့ အမြဲတွေးနေမိခဲ့ရပါတယ်။

(၂)

မနက်ပိုင်းကျောင်းမသွားခင် မေမေ့ဆိုင်အတွက် ပြင်ဆင်စရာတွေပြင်ပေးပြီးမှ ကျောင်းသွားတတ်တာပါ။ ဒီနှစ် ကျွန်မ သက်ထားခင်ဆယ်တန်း။ ကျောင်းကပြန်လာတာနဲ့ ထမင်းစားပြီး မေမေ့ကို လိုအပ်သမျှ ဝိုင်းကူပါတယ်။ နောက်နေ့ဈေးရောင်းဖို့အတွက် ဂေါ်ဖီ၊ ကြက်သွန်လှီး၊ အချဉ်အတွက် ငရုတ်သီးခြွေပေး၊ ဆီချက်အတွက် ကြက်သွန်ဖြူတွေအခွံနွှာပေးပြီးမှ စာစကျက်တာ ညအထိ။ ကျောင်းပိတ်ရက်တွေတိုင်းတော့ ကျွန်မ မေမေ့ဆိုင်မှာ ဝိုင်းကူဈေးရောင်းပေးနေကျ။ မောင်လေးနဲ့ ညီမလေးကတော့ ပန်းကန်ဆေးရင်း လိုအပ်သမျှ ဝိုင်းကူပေးကြပါသေးတယ်။ ကားသန့်ရှင်းရေးလုပ်ရင်တော့ ဖေဖေနဲ့အတူ မောင်လေးက ကူဆေးပေးပါတယ်။ ညီမလေးနဲ့ကျွန်မက ဆပ်ပြာရည်ဖျော်။ ရေဖြည့်ပေးပါတယ်။ ကျောင်းစာလုပ်ကြတော့လဲ သူများတွေလို ဝိုင်းတွေ၊ ဂိုက်တွေနဲ့ ခေါ်ပြီးမကျက်နိုင်။ ဘာသာစုံရှိုးရှိုးကျူရှင်လေးတော့ တက်ဖြစ်ပါတယ်။ ကျွန်မတို့က မောင်နှမသုံးယောက် ကျွန်မအကြီးဆုံး၊ မောင်လေးက ကိုးတန်း၊ ညီမလေးက ခြောက်တန်း။ ကျောင်းစရိတ်၊ အိမ်စရိတ်၊ စားသောက်စရိတ်တွေအတွက် ဖေဖေက ကားမောင်း၊ မေမေက ဈေးရောင်း။ လောက်ငအောင် မနည်းရုန်းကန်နေရတာ ကျွန်မသိတော့ တော်ရုံမပူဆာတတ်တာ ကျွန်မအကျင့်။ ဖေဖေ အမြဲပြောနေကျစကားလေး ရှိပါတယ်။

"ငါ့သမီးနဲ့သားတွေ စာကြိုးစားကြ။ ပညာတတ်ဖြစ်ရင် ဘဝကိုပင်ပန်းကြီးစွာမရုန်းကန်ရဘူး။ ဘာပဲပြောပြော ဖေဖေတို့ မေမေတို့ထက် ဘဝကိုသက်သက်သာသာဖြတ်သန်းရမှာ"

ဖေဖေက ရှစ်တန်းထိပဲ ကျောင်းနေခဲ့ရသူ၊ မေမေကပိုတောင်ဆိုးသေး မူလတန်းထိပဲ ကျောင်းနေခဲ့ရသူ အင်္ဂလိပ်လိုတောင် တစ်လုံးမှမဖတ်တတ်ခဲ့။

(၃)

ကျွန်မကျောင်းဆင်းလို့ ဆိုင်မှာမေမေ့ကိုပန်းကန်တွေကူဆေးပေးနေချိန်-

"တီတီ"

"ဟော ကိုတွတ်ပီတောင်ပြန်ရောက်လာပြီ။ ဒီနေ့နောက်ကျတယ်နော် ဖေကြီးဆာနေပြီလား"

နေ့လယ်ဆို ဖေဖေက အိမ်ပြန်ထမင်းလာစားနေကျ။

"အေးကွာ၊ အိမ်ပြန်လာရင်းလမ်းမှာကားငှားတဲ့သူရှိလို့ နီးတယ်ဆိုပြီး ပြန်လိုက်သွားတာ ပြန်လာတော့ ကားပိတ်နေလို့ နောက်ကျသွားတာ။ ဆာတော့ဆာတာပေါ့မိန်းမရယ်။ ဒါပေမဲ့ ငါ့သား၊ ငါ့သမီးတွေအတွက် ဒီလောက်က အပျော့ပါကွာ"

ဖေဖေ့အပြောက ကျွန်မအတွက် အားဆေးတစ်ခွက်။ ဖေဖေက ထမင်းစားရင်း-

"သမီးကြီး နောက်နေ့ကစပြီး ဆိုင်မှာမကူနဲ့တော့။ စာပဲကျက်တော့"

"ဖေဖေ သမီး"

ဖေဖေက လက်ကာပြရင်း-

"သမီးကြီး ဖေဖေနဲ့ မေမေ့အပေါ် နားလည်သိတတ်လွန်းတာ ဖေဖေသိပါတယ်။ အိမ်မှာ ငါ့သမီးက အကြီးဆုံး၊ သမီးအောက်မှာ မောင်လေးနဲ့ ညီမလေးရှိသေးတယ်။ ငါ့သမီးဆယ်တန်းအောင်မှ သူတို့လဲကြိုးစားချင်တဲ့စိတ်ရှိပြီး ငါ့သမီးကိုအတုယူ ကြိုးစားလာကြမှာ"

"ဟုတ်ကဲ့ပါဖေဖေ"

"ဖေဖေတို့က ပညာမတတ်ခဲ့တော့ ငါ့သမီးကို ပညာတတ်ကြီးဖြစ်တာမြင်ချင်တယ်။ နောက်ပြီး ငါ့သမီးက အပျိုလေးဖြစ်လာပြီ။ သမီးအသုပ်ရောင်းနေတာ သမီးသူငယ်ချင်းတွေမြင်ရင် သမီးကိုနှိမ်ကြမှာ၊ အထင်သေးအမြင်သေးဖြစ်မှာတွေ ဖေဖေ မဖြစ်စေချင်ဘူးသမီးကြီး"

ဖေဖေရယ် ဖေဖေ့ယူဆချက်တွေအပေါ် ကျွန်မ ဘယ်လိုပြန်ပြောရမယ်မှန်းမသိတော့။ ဖေဖေ ကျွန်မအပေါ်ထားရှိတဲ့မေတ္တာအပေါ်မှာသာ ပီတိဖြစ်ရင်း နှုတ်ဆိတ်သွားခဲ့မိပါတယ်။ အမှန်တကယ်တော့ ကျွန်မ ဘာကိုမှဂရုမစိုက်ပါ။ မိဘတွေ ပင်ပန်းကြီးစွာ ရုန်းကန်နေရတာကို ကျွန်မ မမြင်ရက်၊ ဖေဖေနဲ့မေမေ့ကို ချစ်ခင်သနားခြင်းတွေသာရင်မှာအပြည့်။ ဖေဖေနဲ့မေမေတို့ဖြစ်စေချင်သလို ဆယ်တန်းတစ်နှစ်တည်းနဲ့အောင်အောင်လုပ်ရမယ်၊ ပညာတတ်ကြီးတစ်ယောက်ဖြစ်ကိုဖြစ်ရမယ်လို့ သန္နိဋ္ဌာန်ချထားခဲ့မိပါပြီ။

(၄)

တစ်နေ့ ကျွန်မ ကျောင်းပိတ်ရက် မေမေ့ကို ဈေးဝိုင်းကူရောင်းပေးနေရင်း-

"သမီးကြီး"

"ရှင်မေမေ"

"သမီးဆယ်တန်းအောင်ရင် ဆွဲကြိုးတစ်ကုံးဆုချမလို့ မေမေပိုက်ဆံစုနေတယ်"

"ဟင် မေမေရယ် သမီးအတွက် မလုပ်ပေးပါနဲ့။ မေမေ ဝတ်ဖို့အတွက်ပဲ စုပါမေမေ"

သမီးကို ရွှေဆွဲကြိုးဆင်မယ်ဆိုတဲ့မေမေ့လည်ပင်းမှာ ဆွဲကြိုးလေးတစ်ကုံးတောင်မရှိဘဲ။

"ငါ့သမီးဆယ်တန်းအောင်တာနဲ့တက္ကသိုလ်တက်ရတော့မှာလေ၊ ငါ့သမီးကြီးကို မျက်နှာမငယ်စေချင်ဘူး"

"အခုလဲမငယ်ပါဘူးမေမေရဲ့။ သမီးစာတော်လို့တောင် ဆရာမတွေက သမီးကိုဝိုင်းချီးကျူးနေကြတာ"

"ဒါတော့ဒါပေါ့သမီးရယ်။ ငါ့သမီးကို မေမေက ယုံပြီးသား။ ငါ့သမီးသိအောင် ကြိုပြောပြထားတာ သမီးအဖေတောင် ဒီကိစ္စမသိသေးဘူး။ သမီးကြီး စာသာကြိုးစားပါ။ သမီးက စာကြိုးစားတော့ မေမေအလုပ်လုပ်ရတာပင်ပန်းတယ်လို့မထင်ပါဘူး။ မေမေ့ဘဝက ဒီလိုသမီးလိမ္မာလေးကြောင့် အဓိပ္ပာယ်ပိုရှိလာသလို ခံစားရတာပါ"

"မေမေရယ်"

မေမေ့ကို ကျွန်မဖက်အထား။ ကျွန်မပါးကို နမ်းလိုက်တဲ့မေမေ။ အို မေမေ့မျက်ဝန်းမှာ မျက်ရည်စတွေနဲ့။ ကျွန်မကောဘာထူးလဲ မျက်ဝန်းမှာ မျက်ရည်စတွေတွဲလဲခိုလို့။ မေမေ့ဆိုင်က ကျွန်မတို့အိမ်ရှေ့မှာပဲ အဖီချပြီးရောင်းတာပါ။ နေ့ခင်းလူစဲတဲ့အချိန်ဆို မေမေအဝတ်လျှော်၊ ဟင်းချက်ရသေးတာ။ တစ်ချက်မှမနား။ မညည်းမညူအလုပ်လုပ်တဲ့မေမေဟာ ကျွန်မတို့မောင်နှမတစ်တွေကို တစ်ခါမှ အော်ဟစ်ပြောဆိုရိုက်နှက်ခဲ့ဖူးခြင်းမရှိပါဘူး။ ဆုံးမစရာရှိရင် ချိုချိုသာသာနဲ့ ပုံတိုပတ်စလေးတွေထည့်ထည့်ပြောပြီး အတုယူစေခိုင်းကာ ဆုံးမခဲ့သူပါ။ မှတ်မိပါသေးတယ်။

(၅)

ကျွန်မ ကလေးဘဝက အင်မတန်ကြိုက်နှစ်သက်ခဲ့ရတဲ့ပုံပြင်တစ်ပုဒ်။

မေမေပြောတဲ့ပုံပြင်လေး-

ရွာတစ်ရွာက ခြံဝင်းတစ်ခုထဲမှာ ကြက်သားအမိတစ်အုပ်ရှိတယ်တဲ့။ အဲဒီကြက်သားအမိကို ကျားဆိုးကြီးတစ်ကောင်က လာလာချောင်းလေ့ရှိသတဲ့။ တစ်နေ့ လာချောင်းတော့ အဲဒီကြက်သားအမိတစ်အုပ်လဲ စဥ့်အိုးကြီးတစ်လုံးထဲ ဝင်ပုန်းကြရှာသတဲ့။ အဲဒီထဲက ကြက်ပေါက်လေးတစ်ကောင်က အီးပေါက်ချင်လာသတဲ့။ မေမေ သားအီးပေါက်ချင်တယ်လို့ ကြက်မကြီးကိုပြောတယ်။ အဲဒီတော့ ကြက်မကြီးက နေအုံးမပေါက်သေးနဲ့အုံးလို့ပြောသတဲ့။ ခဏနေပြန်တော့ မေမေ သားအီးပေါက်ချင်တယ်လို့ ထပ်ပြောပြန်သတဲ့။ ခဏလေးစောင့်ပေးပါအုံးသားရယ်လို့ ကြက်မကြီးက တားပြန်သတဲ့။ ကျားဆိုးကြီးကတော့ လှည့်ပတ်ချောင်းနေလေရာ တော်တော်လေးကြာတော့ ကြက်ပေါက်လေးက မေမေ သားမနေနိုင်တော့ဘူး အီးပေါက်လိုက်တော့မယ်လို့ ထပ်ပြောပြန်တော့ ကြက်မကြီးက ကဲ. . . ဒီတစ်ခါတော့ ပေါက်သာချလိုက်တော့လို့ ခွင့်ပေးလိုက်တော့ ကြက်ကလေးလဲ အားရပါးရ ပေါက်ချလိုက်တာ အီးလုံးကြီးလွန်းလို့ စဥ့်အိုးကြီးပါ ဝုန်းဆိုပြီး ကွဲထွက်ပြီး ဗုံးပေါက်သလို ပေါက်ကွဲထွက်သွားတော့တာပဲတဲ့။ ကျားဆိုးကြီးလဲ ရုတ်တရက်ထွက်ပေါ်လာတဲ့ ဗုံးပေါက်သလိုပြင်းထန်တဲ့စဥ့်အိုးကွဲသံကြောင့် ကြောက်အားလန့်အားနဲ့ ခြံစည်းရိုးကိုခုန်ကျော်ပြီးပြေးတာ ခြံစည်းရိုးကဝါးချွန်တွေက ဗိုက်ကိုထိုးခွဲသလိုဖြစ်ပြီး သေပွဲဝင်ပါရောလား။ ကြက်မေမေ စကားနားထောင်လို့ ကြက်ကလေးတို့တစ်မိသားစုလုံး အန္တရာယ်ကင်းဘေးရှင်းရကြောင်းဆိုပြီး ပုံပြောဆုံးမခဲ့တဲ့မေမေပါ။ ရယ်လဲရယ်ရ၊ ပုံပြင်လဲနားထောင်ရ၊ အသိလေးလဲရဆိုသလို ဆုံးမခဲ့တဲ့မေမေပါ။

(၆)

ကျွန်မ ဖေဖေတို့ မေမေတို့ပေးတဲ့မေတ္တာစိမ့်စမ်းအလျဉ်တွေနဲ့ အားသွန်ခွန်စိုက်စာကြိုးစားလာလိုက်တာ ဆယ်တန်းဖြေချိန်ရောက်လို့လာပါပြီ။ မေမေအသုပ်ဆိုင်ပိတ်ပြီး ကျွန်မစာမေးပွဲဖြေချိန် အိမ်ဘုရားမှာ သပြေပန်းကပ်၊ ဖယောင်းတိုင်ထွန်း။ စာမေးပွဲဖြေချိန် သုံးနာရီလုံးလုံးထိုင်ရာကမထ ပုတီးစိပ်တဲ့မေမေ။ စာမေးပွဲဘာသာစုံဖြေပြီးတဲ့နေ့-

"သမီးကြီးဂုဏ်ထူးတွေနဲ့အောင်မယ်ဆိုတာမေမေကြိုသိနေပါတယ်"

"ငါ့သမီးက ငါတို့ရပ်ကွက်မှာ စံပြဖြစ်စေရမယ်ကွ"

ဖေဖေကြုံးဝါးလိုက်တဲ့စကား။

ကျွန်မမှာလဲ ဖေဖေတို့ မေမေတို့ရဲ့ ကျွန်မအပေါ် ယုံကြည်မှုမေတ္တာစာတ်လှိုင်းတွေကြောင့် ကြက်သီးတဖြန်းဖြန်းထရင်း-

စာမျက်နှာ ၂၅သို့ ➤

# မြန်မာနိုင်ငံ၌ ငါးမြင်းကို စီးပွားဖြစ်မွေးမြူထုတ်လုပ်ပြီး National Fish အဖြစ်သတ်မှတ်နိုင်ရန် ကြိုးပမ်းမည်



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အာဆီယံဒေသတွင်း နိုင်ငံများတွင် မြန်မာတစ်နိုင်ငံတည်း၌သာ ဒေသမျိုးရင်းအဖြစ် တည်ရှိနေသည့် ငါးမြင်းကို စီးပွားဖြစ်မွေးမြူထုတ်လုပ်ပြီး National Fish အဖြစ် သတ်မှတ်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဦးညွှန့်ဝင်းထံမှ သိရသည်။

ထိုကဲ့သို့ မြန်မာ့ဒေသမျိုးရင်းဖြစ်သည့် ငါးမြင်းကို စီးပွားဖြစ် မွေးမြူထုတ်လုပ်ရန်အတွက် သုတေသနပြုသားဖောက်မွေးမြူခြင်းကို ရန်ကုန်တိုင်းဒေသကြီးရှိ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိတွင် တွံတေးမြို့နယ်အတွင်း ကနဦး စမ်းသပ်သုတေသနလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

"ပြည်ပဝယ်လိုအား အသင့်ရှိနေတဲ့ မြန်မာ့မျိုးရင်းငါးမြင်းကို မွေးမြူထုတ်လုပ်နိုင်ဖို့ ကနဦး သားဖောက်လုပ်ငန်း ဆောင်ရွက်နေပါတယ်။ ရန်ကုန်မြို့ကနေ ရေမိုင် ၂၂ မိုင်ဝေးတဲ့ တွံတေးငါးလုပ်ငန်းစခန်းကို ငါးမြင်းစုဆောင်းရေးစင်တာအဖြစ်ထားရှိပြီး ကျန်းမာသန်စွမ်းတဲ့ ငါးသားပေါက်တွေကို ကနဦးသုတေသနအဖြစ် နှစ်နှစ်မွေးမြူပြုစုခဲ့ရာ ၆၀ ရာခိုင်နှုန်းရှင်သန်အောင်မြင်ခဲ့ပါတယ်"ဟု ဦးညွှန့်ဝင်းက ပြောပြသည်။

ငါးမြင်းကို စီးပွားဖြစ်မွေးမြူထုတ်လုပ်ရန်အတွက် သုတေသနပြုသားဖောက်မွေးမြူထုတ်လုပ်ခြင်းကို ဆက်လက်သုတေသနပြုဆောင်ရွက်ရန် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ငါးလုပ်ငန်းသိပ္ပံ(တွံတေး)သို့ ငါးမြင်းမျိုးစိတ်ကောင်ရေ ၁၀၀ လွှဲပြောင်းပေးအပ်ထားကြောင်း သိရသည်။

မြန်မာ့မျိုးရင်းငါးမြင်းကို မန္တလေးတိုင်းဒေသကြီးအောက်ပိုင်း ရေပြင်တွင် စတင်မြင်တွေ့နိုင်ပြီး ငါးမြင်းသားပေါက်များကို မြစ်သုံးမြစ်ဆုံရာ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြစ်၀၊ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းဝဲကြီးသောင် ပန်းတနော်မြို့နယ်အနီးမှ စုဆောင်းရရှိကြောင်း၊ မြန်မာ့မျိုးရင်းငါးမြင်းသည် မဲခေါင်မြစ်တွင် မရှိသေးသည့် မျိုးစိတ်ဖြစ်ပြီး ပြည်ပဈေးကွက်ရှိသည့်အတွက် စီးပွားဖြစ်ထုတ်လုပ်နိုင်ပါက ငါးတန်ကဲ့သို့ ပြည်ပဝင်ငွေအများဆုံးရှာပေးနိုင်မည့် ရေထွက်ကုန်ဖြစ်ကြောင်း သိရသည်။

ASH

---

➤ စာမျက်နှာ ၂၄မှအဆက်

ဆယ်တန်းအောင်စာရင်းထွက်တော့ ကျွန်မဂုဏ်ထူးပါတယ်။ ဒါပေမဲ့ ဆေးတက္ကသိုလ်ဝင်ခွင့်မရ၊ နည်းပညာတက္ကသိုလ်သာ ဝင်ခွင့်ရခဲ့တယ်။ ကျွန်မ ဆရာဝန်အမှတ်မမီလို့ မျက်ရည်ကျတာမြင်တော့ မေမေက-

"စိတ်ဓာတ်မကျနဲ့ ငါ့သမီး။ အမေတို့က ပညာမတတ်ပေမဲ့ ငါ့သမီးက တကယ့်ပညာတတ်အင်ဂျင်နီယာမကြီးဖြစ်တော့မယ်။ ဘာငိုစရာရှိလဲ ဂုဏ်ယူလိုက်စမ်းပါ သမီးရယ်။ တက်ကျိုးရင် လက်ထိုးလှော်မယ်ဆိုတဲ့ စကားရှိတယ်မလား။ ငါ့သမီးက တက်ကျိုးတာမှမဟုတ်ဘဲ ကိုယ်လိုချင်တာနဲ့ လွဲသွားရုံလေးပဲရှိတာ၊ လှော်တက်တစ်ချောင်းကတော့ သမီးဘေးမှာရှိနေပြီပဲ။ ငါ့သမီးဘေးမှာ မေမေတို့၊ ဖေဖေတို့အားလုံးလဲရှိနေမဲ့ဟာ တိတ်တိတ် မျက်ရည်မကျစေတော့နဲ့။ သမီးကြီး ဖေဖေက အင်ဂျင်နီယာဆို ပိုတောင်ကြိုက်သေး။ ငါ့သမီးက ကြောက်တတ်တော့ ဆရာဝန်လိုင်းရရင် ဖြစ်ပါ့မလားတွေးမိတာ။ ဆရာဝန်ဆိုတာ လူသေတွေကိုင်ရတယ်ပြောတယ်။ ဆရာဝန်ဖြစ်ရင်တောင် ငါ့သမီးကြောက်နေရအုံးမှာ။ အခုမှ ငါ့သမီးနဲ့အကိုက်"

"မမကြီးက အင်ဂျင်နီယာဆိုတော့ မောင်လေးက ဆရာဝန်လုပ်မယ်" မောင်လေးနေအောင်ရင်အပြော။

"ငယ်လေးကတော့ မမကြီးနဲ့ ကိုကိုတို့လို ဆရာဝန်၊ အင်ဂျင်နီယာ မဖြစ်ချင်ပါဘူး။ မော်ဒယ်ဂဲလ်ပဲဖြစ်ချင်တာ"

ညီမလေးခင်ချိုသက်အပြော။

"ဟား ဟား ဟား"

ညီမလေးအပြောကြောင့် အားလုံးပွဲကျပြီး ဝိုင်းရယ်လိုက်ကြတယ်။ ကျွန်မ မျက်ရည်ကျရင်း ပြုံးမိရယ်မိပါတော့တယ်။

(၇)

ကျွန်မ နည်းပညာတက္ကသိုလ်တက်ခွင့်ရပါပြီ။ ဖေဖေတို့၊ မေမေတို့ကတော့ ကျွန်မအတွက် ကျောင်းစရိတ်၊ မောင်လေး၊ ညီမလေးတွေရဲ့ ကျောင်းစရိတ်တွေနဲ့ လောက်ငအောင် မနည်းရုန်းကန်နေကြရတာမြင်တော့ ကျွန်မရင်ထဲမချိ။ တစ်ခါတလေ ညှိုးငယ်သွားတတ်တဲ့ ကျွန်မ မျက်နှာကိုကြည့်ပြီး ဖေဖေရိပ်မိတော့-

"သမီးကြီး အားမငယ်နဲ့။ ဖေဖေ့မှာ လက်နှစ်ဖက်၊ ခြေနှစ်ဖက် အကောင်းကြီး။ သမီးမေမေလဲ ခြေကောင်း၊ လက်ကောင်း ဒေါင်ဒေါင်မြည်လို့။ ငါ့သားသမီးတွေအတွက် ငါတို့ရဲ့ချွေးစက်တွေဟာ သမီးတို့ဘဝ အခြေခိုင်မာဖို့အတွက် ဖောင်ဒေးရှင်းဖြစ်ရင်လဲဖြစ်ပါစေ ဖေဖေတို့ ပေးဆပ်ရကျိုးနပ်ပါတယ်။ သိတတ်လိမ္မာတဲ့သားသမီးတွေဖြစ်တဲ့အတွက် ဖေဖေတို့ပျော်ပါတယ်"

ကျွန်မ အင်ဂျင်နီယာဘွဲ့ရပြီ။ ဘွဲ့တက်ယူဖို့အတွက် အပိုကုန်တွေမလုပ်။ သူများတွေလို မိတ်ကပ်ပြင် ဆံထုံးထုံးတာမလုပ်ဘဲ ရှိတဲ့ဆံပင်လေးပဲ ကလစ်နဲ့ညှပ်စည်း၊ ပရိမီနာလေးလိမ်း၊ အပေါ်ကသနပ်ခါးခပ်ပါးပါးလေးလူးပြီး အင်္ကျီလက်ရှည်နဲ့ ကချင်ထဘီလေးဝတ်ပါတယ်။ ဖေဖေက တိုက်ပုံနဲ့ ယောပုဆိုး၊ မေမေက ရင်ဖုံးအင်္ကျီပန်းနုရောင်လေးနဲ့ ကီမိုနိုထဘီ။ ဘွဲ့နှင်းသဘင်ခန်းမထဲမှာ ဝတ်ရုံတော်ဘွဲ့ကြိုးတီးလုံးသံနဲ့အတူ ဖေဖေတို့၊ မေမေတို့မျက်ရည်စိုစွတ်စွတ်။

(၈)

ဆယ်စုနှစ်များစွာ ကြာပြီးနောက်။ ကျွန်မတို့မိသားစု အခုထက်ထိ ဥမကွဲသိုက်မပျက်။

"တီတီ တီတီ"

"ဟော ဘွားဘွားရေ ဖေဖေနဲ့မေမေ ပြန်လာပြီ"

"အေးမြေးလေးရေ"

"မေမေ ဒီမှာမေမေ့အတွက် BRAND'S ကြက်ပေါင်းရည်၊ ဒါက ချိစ်ကိတ်၊ နဂါးမောက်သီးကဆယ်လုံး"

ကျွန်မ မေမေ့ကိုလှမ်းပေးလိုက်ရင်း-

"ဖေဖေကော"

"ညည်းအဖေက ဟိုတစ်လောကမှ နယ်ကပြောင်းလာတဲ့ ပင်စင်စားအရာရှိ ဦးမြင့်တင်နဲ့လမ်းလျှောက်ထွက်သွားကြလေရဲ့"

"မေမေ မီးအတွက်ကော"

"ပါပါ့တော် မီးမီးအတွက် ဂျေဒိုးနပ်"

"ဟေး ဒါမှ တို့မေမေ"

"ဖေဖေကော မီးအတွက်ဘာပါ"

"ဖေဖေက တစ်အိမ်လုံးစားဖို့အတွက် ကြေးအိုး"

"ဟေး ဒါမှ တို့ဖေဖေကွ"

"မေမေ မောင်လေးနဲ့ညီမလေးတို့က ဒီည နောက်ကျမယ်တဲ့ သမီးကို ဖုန်းလှမ်းဆက်ထားတယ်။ ညစာစားနှင့်ကြပါတဲ့။ ဖေဖေတို့၊ မေမေတို့ စိတ်ပူနေမှာစိုးလို့တဲ့"

"သားနဲ့ သမီးငယ်က ခုနလေးတင် မေမေ့ကို ဖုန်းဆက်ပါ့တော်။ သားနဲ့သမီးငယ်တို့က တော်တော်အလုပ်များရှာကြတာပါအေ"ဟုပြောရင်း ထမင်းစားခန်းထဲ တစ်လှမ်းချင်းလျှောက်ဝင်သွားတဲ့မေမေ ဒေါ်ညိုခင်။

ထမင်းစားခန်းနံရံမှာတော့ ဖေဖေ Taxi မောင်းတုန်းကရိုက်ထားတဲ့ပုံနဲ့ မေမေအသုပ်ရောင်းနေတဲ့ဓာတ်ပုံနှစ်ပုံကယှဉ်လျက်သားချိတ်ထားလျက်။

---

## အစွဲဖျောက်ဖျက် အလှဆင်

\- သူစွဲ ငါစွဲ ဝါဒစွဲ၍
မိုက်မဲလောဘ ထကြွရ။

\- သူစွဲ ငါစွဲ ဆန္ဒစွဲ၍
မိုက်မဲဒေါသ နိုးထရ။

\- သူစွဲ ငါစွဲ ဂုဏ်ပုဒ်စွဲ၍
မိုက်မဲမောဟ ကျွမ်းမြိုက်ရ။

\- သူစွဲ ငါစွဲ အစွဲကဲကာ
မိုက်မဲအုံကြွ နေသမျှဝယ်
အလှမရှိ အသိမဝင်
အမြင်မကြည် လမ်းပျောက်သည်သို့
ရပ်တည်ဘဝ နိမ့်ကျလှဖွယ်
မာနအားပြိုင် လောင်းရိပ်များ။

\- ထိုလောင်းရိပ်များ
စွန်းဖိတ်ထားသမျှ ရုန်းမရအောင်
ဘဝခဏ ကြုံဆုံရခိုက်
သောကနယ်ချဲ့ အကျိုးမဲ့မို့
ထားခဲ့ကျုံဆဲ သည်အစွဲတွေ
ချိုးလှဲနှိမ်နင်း အစွန်းကင်းမှ
လှမ်းနင်းတူပြိုင် လမ်းဖြောင့်နိုင်အံ့
ရင်ဆိုင်ကျော်ဖြတ် မားမားရပ်လျက်
မြင့်မြတ်ဘဝ နှလုံးလှနှင့်
အတ္တ ပရ မျှစွာပင်
အစွဲဖျောက်ဖျက် လှမ်းကာလျှင်
လှူသားပီသ အလှဆင်။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

---

# လဲချားမြို့နယ် ဟဲဆိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လဲချား ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟဲဆိုင်-ဝမ်လုတ်ကျေးရွာနှစ်ရွာ တစ်ယူနစ်ရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဆဌမအကြိမ်ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက ဟဲဆိုင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းစန္ဒာဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝိသေသများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ဟဲဆိုင်-ဝမ်လုတ်ကျေးရွာနှစ်ရွာ တစ်ယူနစ်ရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၆၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးသူ**

# ဖွံ့ဖြိုးတိုးတက်မှုနှင့်အဖွဲ့ဝင်နိုင်ငံများတိုးချဲ့ရန်ကြိုးပမ်းနေသော BRICS

မောင်စိန်အိ (နဘဲမြေ)

တရုတ်နိုင်ငံ၏ အကြီးမားဆုံးသော လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေး ကော်ပိုရေးရှင်းကြီးဖြစ်သည့် Technology Group Corp သည် အိန္ဒိယနှင့်ဗီယက်နမ်အပါအဝင် ပြည်ပနိုင်ငံများတွင် တီဗီနှင့်ဘက်ထရီများ၊ လျှပ်စစ်ပစ္စည်းများထုတ်လုပ်သည့်စက်ရုံကြီးများ တည်ဆောက်ထားသည်။ ၎င်းကုမ္ပဏီကြီးသည် ကုန်ထုတ်လုပ်မှု အခြေစိုက်နေရာများ၊ အရောင်းကွင်းဆက်၊ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှု (R&D) စနစ်များ ထူထောင်ရန်အတွက် ဘရာဇီးအခြေစိုက်ဒေသတွင်းမိတ်ဖက်များနှင့် ပူးတွဲရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ပူးတွဲရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ခြင်းသည် လွန်ခဲ့သောနှစ်များအတွင်း BRICS ၏ ပူးပေါင်းဆောင်ရွက်မှုများအနက်မှတစ်ခုပင်ဖြစ်သည်။ BRICS သည် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကတို့ပါဝင်သော စီးပွားရေးဆိုင်ရာမိတ်ဖက်အဖွဲ့ကြီးပင်ဖြစ်သည်။ တရုတ်သိပ္ပံနှင့် နည်းပညာဖလှယ်ရေးစင်တာ၏အဆိုအရ BRICS အဖွဲ့ဝင် ငါးနိုင်ငံ၏ နည်းပညာမြင့် ပြည်ပပို့ကုန်တန်ဖိုးသည် ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ခြောက်ထရီလီယံထိရရှိခဲ့ပြီး တစ်ကမ္ဘာလုံးပြည်ပပို့ကုန်တန်ဖိုး၏ ၂၅ ရာခိုင်နှုန်းကျော်ရှိခဲ့သည်။ ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းရှိသောကြောင့် ဖွံ့ဖြိုးတိုးတက်မှုသည် BRICS နိုင်ငံများအတွက် အဓိကဦးစားပေးလုပ်ငန်းပင်ဖြစ်သည်။ ကမ္ဘာ့စီးပွားရေးပလက်ဖောင်းမှရရှိသော ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် BRICS အဖွဲ့၏ GDP သည် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၅ ထရီလီယံရှိပြီး ကမ္ဘာ့စီးပွားရေး၏ ၂၅ ရာခိုင်နှုန်းကျော်ရှိခဲ့သည်။

တရုတ်သမ္မတရှီကျင့်ဖျင်က မတည်ငြိမ်မှုနှင့် ပြောင်းလဲမှုများဖြစ်ပေါ်နေသည့်ကာလတွင် BRICS နိုင်ငံများအနေဖြင့် နိုင်ငံတကာဆက်ဆံရေးတွင် တည်ငြိမ်မှုနှင့်အပြုသဘောဆောင်သောစွမ်းအားများ ရရှိစေရန်အတွက် ယုံကြည်ချက်ခိုင်မာရန်လိုအပ်ကြောင်း၊ အခက်အခဲများကိုသတ္တိရှိရှိဖြင့်ရင်ဆိုင်သွားရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်နိုင်ရေး လက်တွေ့ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တရားမျှတမှုကိုထိန်းသိမ်းရန်လိုအပ်ကြောင်း၊ ဒီမိုကရေစီနှင့်လွတ်လပ်မှုကို ထောက်ခံရန်လိုအပ်ကြောင်း ယခင်နှစ် မေ ၁၉ ရက်တွင် ပြုလုပ်ခဲ့သည့် BRICS နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေး၌ ပြောကြားခဲ့သည်။

**နက်ရှိုင်းသောပူးပေါင်းဆောင်ရွက်မှု**

တရုတ်နိုင်ငံသည် BRICS ဥက္ကဋ္ဌတာဝန်စတင်ထမ်းဆောင်သည့် ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ အစည်းအဝေးများနှင့် ဆွေးနွေးပွဲများအပါအဝင် အရေးပါသောအခမ်းအနား ၅၀ ကျော်ကိုလက်ခံကျင်းပခဲ့ပြီး နယ်ပယ်ပေါင်းစုံတွင် သိသာထင်ရှားသော အောင်မြင်မှုများရရှိရန်နှင့် ငွေလအတွင်း ကျင်းပခဲ့သော (၁၄)ကြိမ်မြောက် BRICS ထိပ်သီးဆွေးနွေးပွဲအတွက် ခိုင်မာသောအုတ်မြစ်ချမှတ်နိုင်ရေးအတွက် BRICS အဖွဲ့၏ပူးပေါင်းဆောင်ရွက်မှုကို တွန်းအားပေးနိုင်ခဲ့သည်။

တရုတ်နိုင်ငံသည် စီးပွားရေး၊ နိုင်ငံရေး၊ လုံခြုံရေးနယ်ပယ်များ၊ ပြည်သူများကြား အပြန်အလှန်ကူးလူးဆက်ဆံခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်မှုခိုင်မာစေရန်နှင့် လက်တွေ့ကျသောမိတ်ဖက်ဆက်ဆံရေး ခိုင်မာစေရန် BRICS မိတ်ဖက်များနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ကြိုးပမ်းမှုများတွင် ပူးတွဲအစီအစဉ်များအတွက် စက်မှုဆိုင်ရာပြုပြင်ပြောင်းလဲမှုစင်တာအပေါ် BRICS မိတ်ဖက်ဆက်ဆံ




ရေးထူထောင်ခြင်း၊ ကာကွယ်ဆေးလိုအပ်ချက်လျှော့ချနိုင်ရေး BRICS Vacnie R&D Center ဆိုင်ရာ တရုတ်အမျိုးသားဌာနထူထောင်ခြင်းနှင့်အပြန်အလှန်လေ့လာသင်ယူမှုမြှင့်တင်နိုင်ရေး အုပ်ချုပ်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာဖလှယ်ရေးဖိုရမ် BRICS Seminar များ လက်ခံကျင်းပခြင်းတို့ပါဝင်ပေသည်။

BRICS နိုင်ငံများသည် ထိပ်တိုက်ရင်ဆိုင်မှုနှင့် ထိန်းချုပ်မှုများဆောင်ရွက်ရန်ရည်မှန်းချက်များမရှိဘဲ တစ်နိုင်ငံချင်းစီ၏ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်သွားမည့် သဘောတရားကိုသာ လက်ကိုင်ထားသည်ဟု ဆိုသည်။ BRICS ယန္တရားသည် ဖွံ့ဖြိုးမှုကွာဟချက်များ၊ အရင်းအမြစ်ဆုတ်ယုတ်လာမှုများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယိုယွင်းလာမှုများ၊ ရာသီဥတုပြောင်းလဲမှု၊ အန္တရာယ်ရှိသောရောဂါများ ကူးစက်ပျံ့နှံ့မှုတို့ကို အလေးထားဖြေရှင်းလျက်ရှိသည်။ စင်စစ်အားဖြင့် ကမ္ဘာ့အသိုက်အဝန်းတစ်ခုလုံးက အဆိုပါပြဿနာကို ဝိုင်းဝန်းဖြေရှင်းသွားရန်လိုအပ်ပေသည်။

သာဓကအနေဖြင့် BRICS နိုင်ငံများကထူထောင်ထားပြီး ချေးငွေထုတ်ပေးလျက်ရှိသော New Development Bank သည် စတင်ထူထောင်ချိန်မှစ၍ အဖွဲ့ဝင်နိုင်ငံများ၏ စီမံကိန်း ၈၀ ကျော်အတွက် ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ပို့ဆောင်ရေး၊ ရေနှင့်မိလ္လာ၊ သန့်ရှင်းသောစွမ်းအင်၊ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံ၊ လူမှုဆက်ဆံရေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့် မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းများ ပါရှိသည်။

**လွတ်လပ်ပွင့်လင်းပြီး အားလုံးပါဝင်ခြင်း**

BRICS နိုင်ငံခြားရေးဝန်ကြီးများသည် အဖွဲ့ဝင်နိုင်ငံတိုးချဲ့ရန် သဘောတူညီထားပြီး အဆိုပါအဖွဲ့၏အားသည် မတူကွဲပြားမှုနှင့် ကိုယ်စားပြုမှုတို့အပေါ် တည်မှီလျက်ရှိသည်။ တရုတ်နိုင်ငံသည် အဖွဲ့ဝင်နိုင်ငံတိုးချဲ့ရေးဆိုင်ရာစံနှုန်းများနှင့်လုပ်ထုံးလုပ်နည်းများကို လေ့လာသွားရန်နှင့် ဘုံသဘောတူညီချက်ရရှိရန် အဆိုပြုထားသည်။ ထို့ကြောင့် BRICS ပူးပေါင်းဆောင်ရွက်မှုသည် လွတ်လပ်ပွင့်လင်းပြီး အားလုံးပါဝင်ကြောင်းကို ပြသလျက်ရှိသည်။ အဖွဲ့ဝင်နိုင်ငံများသည် တိုးတက်လာသော အခြားဈေးကွက်များ၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်သွားနိုင်ရေး မျှော်လင့်ထားသည်။

BRICS ပူးပေါင်းဆောင်ရွက်မှုယန္တရားသည် အဖွဲ့ဝင်နိုင်ငံသစ်များကို ပြည်သူ့အသုံးအဆောင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ဘဏ္ဍာရေးပံ့ပိုးမှုတို့အပြင် ကာကွယ်ဆေးနှင့် ကျန်းမာရေးနယ်ပယ်တို့တွင် မူလအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအပါအဝင် အကျိုးကျေးဇူးများစွာကိုဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။ G-20 အဖွဲ့ရှိဖွံ့ဖြိုးဆဲနိုင်ငံများသည် BRICS အဖွဲ့တွင် ဝင်ရောက်ရန်စိတ်ပါဝင်စားလျက်ရှိသဖြင့် ၎င်းတို့ကို အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ခွင့်ပြုရေး ဦးစွာစဉ်းစားဆောင်ရွက်သွားသင့်ပေသည်။

သာဓကအနေဖြင့် စီးပွားရေးဈေးကွက်ကြီးမားသော အင်ဒိုနီးရှားနိုင်ငံသည် BRICS အဖွဲ့ဝင်အသစ်အဖြစ်ဝင်ရောက်ရန် အလားအလာကောင်းမွန်လျက်ရှိသည်။ G-20 အဖွဲ့ဝင်တစ်နိုင်ငံဖြစ်သည့် အာဂျင်တီးနားနိုင်ငံအနေဖြင့်လည်း BRICS နှင့်နီးစပ်သော ပူးပေါင်းဆောင်ရွက်မှုများရှိနေသည်။ အဖွဲ့ဝင်နိုင်ငံသစ်များ တိုးတက်လာခြင်းသည် နိုင်ငံတကာရေးရာများဖြေရှင်းရာတွင် အဖွဲ့ကြီး၏အပြုသဘောဆောင်သောအခန်းကဏ္ဍကို ပေါ်လွင်ထင်ဟပ်လာစေသည့်အပြင် ပထဝီနိုင်ငံရေးဆိုင်ရာ ထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ပေါ်လာရေးအချို့သောနိုင်ငံများ၏ ကြိုးပမ်းမှုများကြောင့် ဖြစ်ပေါ်လာသည့်ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချပေးနိုင်ခြင်းနှင့် နိုင်ငံရေးအုပ်စုများဖွဲ့စည်းခြင်းဖြင့် ဖြစ်ပေါ်လာသည့် ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်များ အပေါ်သက်ရောက်မှုများကို လျှော့ချပေးနိုင်မည်ဖြစ်သည်။

**ထပ်ဆောင်းအစည်းအဝေးများ**

BRICS နိုင်ငံခြားရေးဝန်ကြီးများသည် အာဂျင်တီးနား၊ အီဂျစ်၊ အင်ဒိုနီးရှား၊ ကာဇက်စတန်၊ နိုင်ဂျီရီးယား၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ဆော်ဒီအာရေဗျ၊ ဆီနီဂေါနှင့်ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့်လည်း အစည်းအဝေးများကို ပုံမှန်ပြုလုပ်လျက်ရှိသည်။ တိုးတက်လာသောဈေးကွက်များနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုပလက်ဖောင်းတစ်ခု ထူထောင်သွားရေးဆိုသည့် BRICS Plus ပူးပေါင်းဆောင်ရွက်မှုအောက်တွင် ကျင်းပနေခြင်းပင်ဖြစ်သည်။

BRICS နိုင်ငံများသည် နိုင်ငံရေးဆိုင်ရာအပြန်အလှန်ယုံကြည်မှုနှင့်လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုခိုင်မာအားကောင်းရေးမြှင့်တင်သွားရန်လိုအပ်သည့်အပြင် တိုးတက်လာသောဈေးကွက်များနှင့်ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်ဆွေးနွေးညှိနှိုင်းမှု၊ အပြန်အလှန်ဖလှယ်မှုများ လုပ်ဆောင်သွားရန်လိုအပ်ပေသည်။ ထိုသို့ကြိုးပမ်းမှုများလုပ်ဆောင်ခြင်းသည် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုသွားမည်ဖြစ်သည်။

BRICS နိုင်ငံများအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုပုံစံအသုံးပြုခြင်း၊ အခြားသောနိုင်ငံများကို ပူးပေါင်းဆောင်ရွက်သွားရန်ကြိုဆိုခြင်းနှင့် နိုင်ငံတကာဆက်ဆံရေးတွင် ဒီမိုကရေစီအတူတကွအဆင့်မြှင့်တင်ခြင်း၊ ကမ္ဘာ့စီးပွားရေးတွင်နိုင်ငံအားလုံးပါဝင်နိုင်ခွင့်ပြုခြင်းအပြင် ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုတွင် တရားမျှတမှု၊ သာယာဝပြောမှုနှင့် တောက်ပသောအနာဂတ်ကို အတူတကွဖန်တီးသွားရန် လိုအပ်ပေသည်။

**ကိုးကား**

- **Golden Partnership by Beijing Review.**

# လှိုင်းဘွဲမြို့နယ် ဝိုင်းထော်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ ဖေဖော်ဝါရီ ၁၈**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကြာအင်းကျေးရွာအုပ်စု ဝိုင်းထော်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ဝိုင်းထော်ကျေးရွာ၌ လမ်းအရှည် ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေး တန်ပိုယာဉ်များ ဖြတ်သန်းသွားလာခွင့်မပြုရန်နှင့် လမ်းအသုံးပြုသူ ကျေးရွာသူ၊ ကျေးရွာသားများက စနစ်တကျဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဝိုင်းထော်ကျေးရွာ၌ လမ်းအရှည် ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုံးသန်း စုစုပေါင်းငွေကျပ် ၁၃ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း လှိုင်းဘွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ပြောပြ၍ သိရသည်။



**အထွေး**

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ လျာထားချက်ကျော်လွန်အောင် တင်ပို့နိုင်မည်



**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ လျာထားချက်ကျော်လွန်အောင် တင်ပို့နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ သတင်းများအရ သိရသည်။

မြန်မာ့ပို့ကုန်များကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးရာတွင် ဆန်နှင့်ဆန်ကွဲ တင်ပို့ရောင်းချပေးမှု လျာထားချက်ကျော်လွန်အောင် တင်ပို့နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဆန်နှင့်ဆန်ကွဲကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးလျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာ ၇၀၀ ဒသမ ၁၃၂ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁ ဒသမ ၈၇၆ သန်း တင်ပို့ရောင်းချပေးခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် မီနီဘတ်ဂျက် ခြောက်လတာကာလအတွင်း အမေရိကန်ဒေါ်လာ ၄၄၄ ဒသမ ၂၈၃ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁ ဒသမ ၃၈၂ သန်း တင်ပို့ရောင်းချပေးခဲ့ရသည်။

ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန်နှစ်သန်း တင်ပို့ရောင်းချရန် လျာထားဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလကုန်ထိ ပြည်ပသို့ဆန်နှင့်ဆန်ကွဲ ၁ ဒသမ ၉ သန်းတင်ပို့ရောင်းချပေးခဲ့ပြီး ကျန်ရှိနေသည့် နှစ်လတာ ကာလအတွင်းတွင်လည်း ဆန်နှင့်ဆန်ကွဲများကို ဆက်လက်တင်ပို့ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တင်ပို့ရောင်းချပေးရာ ဖေဖော်ဝါရီလတွင် ဆန်နှင့်ဆန်ကွဲ တန်ချိန် သုည ဒသမ ၁၅ သန်းနှင့် မတ်လတွင် ဆန်နှင့် ဆန်ကွဲ တန်ချိန် သုည ဒသမ ၁၅ သန်း၊ ဖေဖော်ဝါရီလနှင့်မတ်လတွင် ဆန်နှင့်ဆန်ကွဲတန်ချိန် သုည ဒသမ ၃ သန်း ဆက်လက်တင်ပို့ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ လျာထားချက်ထက် ကျော်လွန်အောင် တင်ပို့ရောင်းချပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ (၃၃၆)

# မကွေးတိုင်းဒေသကြီးတွင် ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**မကွေး ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရိုင်၊ မြို့နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ ရုံးလုပ်ငန်းလုပ်ဆောင်ရာတွင် အဆင်ပြေလွယ်ကူစေရေး၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ ပိုမိုသိရှိလာစေရေး၊ ဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားလာစေရေး ရည်ရွယ်၍ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းကို ယနေ့နံနက် ၈ နာရီက မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်ဦးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ သင်တန်းတွင် ပို့ချပေးမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းသို့ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်း ဝန်ထမ်းဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ရုံးလုပ်ငန်း ဘဏ္ဍာရေးဆိုင်ရာ သဘောတရားများ၊ ဘဏ္ဍာရေးကျင့်စဉ်ကြီးများ၊ ငွေစာရင်းလချုပ်ရေးဆွဲနည်းများ အစရှိသည့် ဘာသာရပ်များကို ယနေ့မှ ဖေဖော်ဝါရီ ၂၀ ရက်ထိ သုံးရက်ကြာ အခမဲ့ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ဘဲဥအလုံး ၁၀၀ လျှင် ငွေကျပ် ၃၀၀၀၀ ထိ ဈေးကောင်းရရှိ

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ဘဲဥအလုံး ၁၀၀ လျှင် ငွေကျပ် ၃၀၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ မွေးမြူရေးနှင့် ဈေးကွက်ရှာဖွေရေးတာဝန်ခံ ဦးဇော်ဇော်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလက ဘဲဥအလုံး ၁၀၀ လျှင် ငွေကျပ် ၁၈၀၀၀ ထိသာ ဈေးရရှိခဲ့ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလနှင့် လက်ရှိဖေဖော်ဝါရီလတွင် ဘဲဥအလုံး ၁၀၀ လျှင် ငွေကျပ် ၃၀၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါဘဲဥများ ဈေးကောင်းရရှိနေခြင်းသည် ယခုနှစ် ဘဲမွေးမြူသူ လျော့နည်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

“ဒီနှစ်က ဘဲမွေးမြူသူတွေအတွက် အဆင်ပြေဝင်ငွေကောင်းလာတဲ့နှစ်လို့ ပြောလို့ရပါတယ်။ လက်ရှိ ဘဲအစာဈေးနှုန်းကလဲ သက်သာနေတယ်။ ဒီနှစ် ဘဲဥအထွက်နှုန်းကလဲ မဆိုးဘူး။ လက်ရှိ ဘဲဥဈေးကလဲ ကောင်းနေပြီး အရောင်းအဝယ်ကလဲသွက်နေပါတယ်။ ဘဲဥတွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ လက်ရှိ ဘဲဥဈေးကောင်းနေတဲ့ အဓိကအချက်က ဒီနှစ် ဒေသမှာ ဘဲမွေးမြူတဲ့သူတွေ လျော့နည်းနေတာနဲ့ ရန်ကုန်ဘက်ကနေ ဘဲဥတွေအဝယ်လိုက်နေတာကြောင့်ပါ။ အခုလိုဈေးကောင်းရတဲ့အခါကျတော့ ပြီးခဲ့တဲ့နှစ် အရှုံးရှိခဲ့တာတွေ အနည်းငယ် ပြန်လည်ကုစားလာနိုင်တဲ့ အခြေအနေရှိနေပါတယ်”ဟု မော်လမြိုင်ကျွန်းမြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ မွေးမြူရေးနှင့် ဈေးကွက်ရှာဖွေရေး တာဝန်ခံ ဦးဇော်ဇော်က ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်တွင် ဘဲမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၂၀ ရှိပြီး မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးလျှင် ဘဲကောင်ရေ ၁၀၀၀ မှ ၅၀၀၀ ထိမွေးမြူကြကြောင်း၊ အဆိုပါဒေသထွက် ဘဲဥများကို စနစ်တကျသန့်စင်ပြီး ကတ်များဖြင့်ထည့်ကာ လက်ရှိ ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချနေကြောင်း၊ မော်လမြိုင်ကျွန်းမြို့နယ်တွင် ဘဲမွေးမြူလိုပါက ကောင်ရေ ၁၀၀၀ လျှင် အထွေထွေကုန်ကျစရိတ် ငွေကျပ် သိန်း ၄၀ မှ ၅၅ သိန်းထိ ကုန်ကျကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းပြားမြို့နယ် ခေါင်းလောင်းရွာ(သစ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းပြား ဖေဖော်ဝါရီ ၁၈**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ရွာပြင်ကျေးရွာအုပ်စု ခေါင်းလောင်းရွာ(သစ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာအုပ်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ခေါင်းလောင်းရွာ(သစ်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၈ ဒသမ ၇၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၂ ဒသမ ၅၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၁၂ ဒသမ ၂၁၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၇ ဦးကို ငွေကျပ် ၃၃ ဒသမ ၅၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသန်း**

# နတ်မောက်မြို့နယ် မျက်ရဲကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာမွန်ကျေးရွာအုပ်စု မျက်ရဲကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း နဝမအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီက မျက်ရဲကန်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသူရက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးဝင်းသူရနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း တာဝန်ခံဝန်ထမ်းများက မျက်ရဲကန်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမ အကြိမ်အဖြစ် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၆၆ ဦးကို ငွေကျပ် ၆၄ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာပေါင်း ၃၉ ရွာတွင် စီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်း ဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသူရက ပြောပြ၍ သိရသည်

**သော်သော်**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး
စာပေကဏ္ဍ

## သူဌေးကြီးနဲ့ တပည့်သုံးယောက်

တစ်ခါတုန်းကပေါ့ကွယ် ရွာတစ်ရွာမှာ သူဌေးကြီးတစ်ယောက်ရှိလေသတဲ့။ သူဌေးကြီးမှာ အလွန်တရာကို ချောမောလှပတဲ့ သမီးလေးတစ်ယောက်လဲရှိသတဲ့ကွယ်။ ပြီးတော့ အဲဒီသူဌေးကြီးမှာ သူတို့ငယ်စဉ်ကတည်းက ကျွေးမွေးစောင့်ရှောက်ထားတဲ့အပြင် သူဌေးကြီးရဲ့ လုပ်ငန်းတွေမှာလဲ ယုံကြည်စိတ်ချရတဲ့ တပည့်သုံးယောက်လဲရှိသေးတယ်တဲ့။ အဲဒီတပည့်သုံးယောက်ဟာ သူဌေးကြီးရဲ့ ကျွေးမွေးစောင့်ရှောက်မှုနဲ့ အရွယ်ရောက်ကြီးပြင်းလာကြပြီး သူတို့ကို သူဌေးကြီးရဲ့ လယ်ယာလုပ်ငန်းကိုယ်စီမှာ ဦးစီးခိုင်းထားတာပေါ့ကွယ်။

တပည့်သုံးယောက်ဟာ သူဌေးကြီးရဲ့သမီးနဲ့ အရွယ်တူတွေဖြစ်တဲ့အတွက် သူတို့အားလုံးက သူဌေးကြီးရဲ့သမီးကို စိတ်ဝင်စားကြတယ်တဲ့ကွယ်။ ဒါကိုသိတဲ့သူဌေးကြီးဟာ စဉ်းစားချင့်ချိန်ပြီး အချိန်တန် အရွယ်ရောက်လာပြီဖြစ်တာကြောင့် သူ့ရဲ့သမီးကို တပည့်သုံးယောက်ထဲက တစ်ယောက်ယောက်နဲ့ လက်ထပ်ပေးဖို့ ဆုံးဖြတ်ထားလေသတဲ့ကွယ်။ တပည့်သုံးယောက်ရဲ့အရည်အချင်းကလဲ တူညီနေတာကြောင့် အခက်တွေ့ပြီး စဉ်းစားရခက်နေတဲ့ သူဌေးကြီးဟာ တပည့်သုံးယောက်ကို အရည်အချင်းစစ်ဖို့ ဆုံးဖြတ်လိုက်ပြီး အစီအစဉ်တစ်ခုကို ဆောင်ရွက်လိုက်တယ်။ အဲဒီအစီအစဉ်အရ သူဌေးကြီးဟာ သူ့ရဲ့တပည့်သုံးယောက်ကိုခေါ်ယူပြီး ဒီလိုပြောသတဲ့ကွယ်။

"သူဌေးကြီးက တပည့်တို့ရေ ကိစ္စရပ်တစ်ခုရဲ့အဖြေရှာဖွေနိုင်ဖို့အတွက် မင်းတို့ကို ငါပြောချင်ပါတယ်။ တစ်ပတ် အချိန်ယူနိုင်ပါတယ်။ အဲဒီကိစ္စရပ်ရဲ့အဖြေရှာဖွေနိုင်သူကို ငါရဲ့ သမီးနဲ့ပေးစားပါ့မယ်"

သူဌေးကြီးရဲ့စကားကြောင့် သူဌေးကြီးသမီးကို စိတ်ဝင်စားနေကြတဲ့တပည့်သုံးယောက်လဲ အလွန်အမင်းဝမ်းသာသွားကြတာပေါ့။ နောက်တစ်ရက်လဲရောက်ရော တပည့်သုံးယောက်ဟာ သူဌေးကြီးမှာလိုက်တဲ့အရာကို ရှာဖွေဖို့ ထွက်လာခဲ့ကြသတဲ့။ တစ်ပတ်အတွင်း သူဌေးကြီးမှာလိုက်တဲ့အရာကိုရဖို့အတွက် တပည့်သုံးယောက်ဟာ တစ်ယောက်တစ်လမ်းစီရှာဖွေဖို့ ထွက်လာခဲ့ကြတာပေါ့။



ငါးရက်မြောက်နေ့လဲရောက်ရော တပည့်သုံးယောက်ထဲက မောင်မြဟာ အရင်ဆုံးပြန်ရောက်လာပြီး သူ မရှာဖွေနိုင်ခဲ့ကြောင်း တောင်းပန်စကားပြောလေသတဲ့။ သူဌေးကြီးလဲ အပြစ်မဆိုဘဲ အလုပ်ကို ပုံမှန်အတိုင်းဆက်လုပ်ဖို့ မှာကြားလေသတဲ့ကွယ်။

ခြောက်ရက်မြောက်နေ့ရောက်တော့ နောက်ထပ်တပည့်တစ်ယောက်ဖြစ်တဲ့ မောင်ဝဟာ တောထဲကခူးလာတဲ့ သစ်ဥပန်းတွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ ပြန်ရောက်လာလေသတဲ့။ သူဌေးကြီးလဲ ပြုံးရွှင်စွာယူလိုက်ပြီး ပုံမှန်အတိုင်းအလုပ်တွေဆက်လုပ်ဖို့ ထပ်မံမှာကြားလိုက်လေသတဲ့။

ခုနစ်ရက်ပြည့်တဲ့နေ့လဲရောက်ရော နောက်ဆုံးတပည့်မောင်လှဟာ သူဌေးကြီးဆီကို စာရွက်တစ်ရွက်နဲ့ရောက်လာတယ်တဲ့။ စာရွက်ကိုကြည့်လိုက်တော့လဲ တစ်ပတ်အတွင်း သီးနှံအထွက်စာရင်းကိုတွေ့လိုက်ရတော့ သူဌေးကြီးလဲ သူရှာဖွေခိုင်းတာမရှာဘူးလားလို့မေးလေသတဲ့။ ဒီတော့ မောင်လှက အခုလိုပဲ ပြန်ဖြေသတဲ့ကွယ်။

"သူဌေးကြီး ကျွန်တော်တို့ကိုရှာခိုင်းတာ သစ္စာလေ။ သစ္စာဆိုတာ ကျွန်တော့်မှာရှိပြီးသားမို့ ဘယ်မှမသွားဘဲ လုပ်နေကျအလုပ်တွေကို သစ္စာရှိရှိနဲ့လုပ်မြဲအတိုင်းလုပ်နေတာပါ။ ရှိပြီးသားအရာကို တကူးတကထပ်ရှာရင် လုပ်လက်စအလုပ်တွေ လစ်ဟင်းကုန်ပါလိမ့်မယ်။ အမှန်တော့ သူငယ်ချင်း မောင်မြ၊ မောင်ဝတို့ကလဲ သစ္စာရှိကြပါတယ်။ ပညာရှိသတိဖြစ်ခဲဆိုသလို သတိလက်လွတ်ဖြစ်မိတာကြောင့် လုပ်လက်စအလုပ်တွေထားခဲ့ပြီး ရှာဖွေခဲ့မိကြတာပါ။ တကယ်တော့ သူဌေးကြီးရှာခိုင်းတဲ့သစ္စာက ကျွန်တော်တို့သုံးယောက်မှာရှိပြီးသားပါခင်ဗျာ"

သူဌေးကြီးလဲ မောင်လှရဲ့အဖြေကိုသဘောကျသွားတာပေါ့ကွယ်။ အလုပ်အပေါ်သစ္စာရှိပြီး ဖြတ်ထိုးဉာဏ်ကောင်းရုံမက သူငယ်ချင်းတွေအတွက်ပါ သစ္စာရှိရှိနဲ့ ကာကွယ်ပေးတဲ့မောင်လှကို သူဌေးကြီးရော သူငယ်ချင်းနှစ်ယောက်ကပါ တအားကိုလေးစားသွားတာပေါ့။ ဒါကြောင့် သူဌေးကြီးလဲ သစ္စာကြီးမားတဲ့ မောင်လှကို သူ့ရဲ့သမီးနဲ့ လက်ထပ်ပေးလိုက်တာပေါ့ကွယ်။

ကဲ. . . ကလေးတို့ရေ ပုံပြင်လေးကတော့ဒါပါပဲကွယ်။ ဉာဏ်ပညာကြီးမားပြီး သစ္စာစောင့်သိတဲ့သူတွေဟာ အောင်မြင်မှုပန်းတိုင်ကို အမြန်ဆုံးရောက်ရှိနိုင်တယ်ဆိုတာ ကလေးတို့ မှတ်ထားရမယ်နော်။ ဘယ်သူမဆို မိမိအလုပ်ကို ကြိုးစားလုပ်ဆောင်ကြရမှာဖြစ်သလို မိမိအလုပ်အပေါ်မှာ သစ္စာရှိကြရမယ်။ ပြီးတော့ စဉ်းစားဆင်ခြင်တတ်ကြရမယ်နော်။

**ပိုင်ဆု(ပညာရေး)**


## ကုန်စိမ်းတန်းလေး

♦ အရပ်ရှည်တဲ့ ပဲလင်းမြွေ
ဝယ်သူမျှော်လို့နေ၊
စတိုင်တွေနဲ့ ဟန်ရေးလုပ်
ချစ်ဖွယ်မုန်လာထုပ်။

♦ ငရုတ်သီးက ပြုံးလို့ကြို
ဟန်အမူရာပို၊
ခရမ်းချိုမှာ အသီးထွား
ဂျုံးမြစ်မုတ်ဆိတ်ဖွား။

♦ ကြက်ဟင်းခါးနဲ့ ခရမ်းချဉ်
ကန်စွန်းလည်းပါဝင်။
သီးရွက်စုံလင် ကြိုက်တာရွေး
ကုန်စိမ်းတန်းကလေး။ ။

**မောင်ကြည်လင်(ရွှေကြိုးကြာ)**



## စည်းနဲ့ဝါး

♦ စည်းနဲ့ဝါး စည်းနဲ့ဝါး
မြန်မာ့စည်းနဲ့ဝါး။

♦ မှတ်သားစေဖို့ ကခုန်ရာ
သီဆိုကြရာမှာ။

♦ ခြေ လက် လည်းပါ ခေါင်းနဲ့ ခါး
အစ စည်းနဲ့ဝါး။ ။

**ညီသုစ(အညာမြေ)**



# မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်သီးနှံ ၁၄၀၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်သီးနှံ ၁၄၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်သီးနှံ လျာထား ၁၃၄၂ ဧကကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ငရုတ်သီးနှံ ၁၄၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ငရုတ်သီးနှံလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ငရုတ်သီးနှံလျာထား ၁၃၄၂ ဧကကို ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့တာ ဒီနေ့ထိ ၁၄၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒေသခံတောင်သူတွေက သီးနှံဝင်ငွေတိုးပွားစေဖို့ စားဖိုဆောင်သီးနှံတွေဖြစ်တဲ့ ပန်းမုန်လာ၊ မုန်ညင်း၊ မုန်လာ၊ ဆလတ်၊ ခရမ်း၊ ချဉ်ပေါင်၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ သခွား၊ ဘူး၊ ဖရုံ၊ တိုင်ထောင်ပဲ၊ နံနံ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ် စတဲ့သီးနှံတွေကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြတယ်။ စားဖိုဆောင်သီးနှံတွေထဲမှာ ငရုတ်သီးနှံက ဈေးကွက်ရှိတဲ့အတွက် တောင်သူတွေကအားထား စိုက်ပျိုးလုပ်ကိုင်ကြတယ်။ တောင်သူတွေ အများဆုံးစိုက်ပျိုးတဲ့ ငရုတ်သီးနှံကတော့ သာမို - ၁၁ ငရုတ်မျိုးဖြစ်ပြီး ငရုတ်ပွနဲ့ ကုလားအော်သီး ငရုတ်မျိုးကိုလဲ စိုက်ပျိုးကြပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေအပြင် မုန်းချောင်းရေနှင့် မြေအောက်ရေတို့ပါ စိုက်ပျိုးရေအဆင်ပြေစွာ ရယူသုံးစွဲနိုင်သည့်အတွက် (နွေ၊ မိုး၊ ဆောင်း) တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ထိုသို့ စိုက်ပျိုးလုပ်ကိုင်ရာ၌ ငရုတ်သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၃၉၇၁၂ ဧက၊ ဆီထွက်သီးနှံ ၃၁၃၄၇ ဧက၊ စားဖိုဆောင်သီးနှံ ၄၀၇၃ ဧက၊ ဖူးစားပြောင်းသီးနှံ ၁၇၈၅ ဧက၊ ကျွဲ၊ နွားတိရစ္ဆာန်အစာ ၁၀၀၇၄ ဧက၊ အခြားသီးနှံဧက ၃၂၀ စုစုပေါင်း ၈၇၃၁၁ ဧက လျာထားစိုက်ပျိုးခဲ့ရာ ယနေ့တွင် ဆောင်းသီးနှံစုံ ၇၆၀၁၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကျောက်ကြီးမြို့နယ် ထွန်းကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်ကြီး ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလဲကျေးရွာအုပ်စု ထွန်းကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းရီက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစု ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များထံ VRFP စီမံကိန်းရန်ပုံငွေ ကျပ် ၃၁ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များက ထွန်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၆ ဦးကို VRFP စီမံကိန်းရန်ပုံငွေ ကျပ် ၃၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ကျောက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းရီနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

**အေးမြတ်**

ပလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၀ | ၂၁၅၀ | ၂၁၇၀ | ၂၁၅၅ | ၂၁၃၅ | ၂၂၃၀ | ၂၂၅၀ | ၂၁၄၀ | ၂၁၅၀ | ၂၁၈၅ | ၂၁၈၅ | ၂၁၉၀ | ၂၄၂၀ | ၂၈၁၀ |
| 95 Ron | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၃၀ | ၂၂၀၅ | ၂၃၀၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၃၀ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၆၀ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၀ | ၂၂၀၅ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၅ | ၂၃၁၅ | ၂၃၁၀ | ၂၂၀၀ | ၂၂၁၀ | ၂၂၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၄၈၀ | ၃၃၅၀ |
| HSD (50 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၆၀ | ၃၃၇၅ |
| HSD (10 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၆၀ | ၃၃၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၃ | ၂၀၆၆ |
| 95 Ron | ၂၀၆၃ | ၂၁၃၈ |
| HSD (500 ppm) | ၂၀၅၄ | ၂၁၂၅ |
| HSD (50 ppm) | ၂၁၂၈ | ၂၂၀၀ |
| HSD (10 ppm) | ၂၁၂၈ | ၂၂၀၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
# AUNG MYINT MOH MIN INSURANCE Co.,Ltd

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှုအသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ
လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့



We Protect
The Family

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၅၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
**ကုသရေးဦးစီးဌာန**
အရိုးရောဂါအထူးကုဆေးရုံကြီး
ဆေးရုံအုပ်ကြီးရုံး-----မန္တလေးမြို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၂-၂၀၂၃)ခုဘဏ္ဍာရေးနှစ်အတွက်၊ မန္တလေးမြို့၊ အရိုးရောဂါအထူးကုဆေးရုံကြီး ဓါတ်မှန်ဌာနရှိ MRI (1.5 Tesla) စက်၏ Spare Part (Commercial Series Amplifier & XFD-PS with FRU Packing RoHs compliant) များလဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါ ပေးသွင်းကြပါရန် ဖိတ်ကြားအပ်ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

လျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် - (၂၀-၂-၂၀၂၃) (တနင်္လာနေ့)
တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်နှင့်အချိန် - (၂၇-၂-၂၀၂၃)(တနင်္လာနေ့)
ညနေ (၄း၀၀)နာရီ

**တင်ဒါကော်မတီ**
**အရိုးရောဂါအထူးကုဆေးရုံကြီး၊မန္တလေးမြို့။**
**ဖုန်း-၀၂၂၈၄၇၆၁၃**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**ရန်သူမီးဘေး တားဆီးရေး မနေ့းဆောင်ရွက်ကြ**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ ဖြစ်စေ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး''မူ''ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

ကျွန်တော်တို့အစိုးရအနေနဲ့ တိုင်းပြည်တာဝန်များကို ထမ်းဆောင်နေရချိန်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တာဝန်ထမ်းဆောင်နေခြင်းသာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ရပ်တည်နေခြင်းတို့ဟာ ဒီမိုကရေစီနည်းလမ်းကျပေါ်ထွက်လာတဲ့ အခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်နေတာ၊ တစ်နည်းအားဖြင့် ပြည်သူလူထုလိုလားတောင့်တတဲ့ ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နေတာပဲဖြစ်တယ်လို့ ခိုင်ခိုင်မာမာပြောလိုပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေနဲ့လည်း အစိုးရနဲ့လက်တွဲပြီး ဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ကြဖို့ ငြိမ်းချမ်းရေးလမ်းကိုလျှောက်လှမ်းကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံဘောလုံးပြိုင်ပွဲနှင့် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ဆရာအတတ်ပညာဦးစီးဌာန ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ပြည်ထောင်စုဝန်ကြီးများ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများ၊ အားကစားသမားများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယနေ့ကျင်းပသော အားကစားပြိုင်ပွဲများမှ တစ်ဆင့် မိမိတို့၏အရည်အချင်းများကို

စာမျက်နှာ ၁၈ ကော်လံ ၁ ☆



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ဆရာအတတ်ပညာဦးစီးဌာန ပညာရေးဒီဂရီကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**Asia World ဆိပ်ကမ်းတွင် ရောက်ရှိနေသည့် လျှပ်စစ်သုံးယာဉ်များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး**

စာမျက်နှာ - ၁၉

**(၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၂၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ စတင်ကျင်းပ**

စာမျက်နှာ - ၂၀

**ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အရေးပါသည့် လယ်ယာထွက်ကုန်များ**

ဆောင်းပါး စာမျက်နှာ - ၄

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၈၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com


BEST QUALITY CEMENT ASTM.C150 TYPE I (42.5) ဆင်မင်းဘိလပ်မြေ
BEST QUALITY CEMENT ASTM.C150 TYPE II (32.5) ဆင်မင်းဘိလပ်မြေ